# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၄) ရက် ၊ စနေနေ့ ၊ (16-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ (ထိုင်း)၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# လူငယ်နှင့်စာပေအနုပညာပွဲတော်သို့ ပါဝင်နွှဲပျော်

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ရည်ရွယ်ပြီး ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ သုံးရက်ကြာကျင်းပမည့်ပွဲတော်အတွင်း ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်သည့် ပြခန်းများကို ဝန်ကြီးဌာန ၁၃ ခုက ပါဝင်ခင်းကျင်းပြသမည်ဖြစ်ကာ တိုင်းရင်းသားရိုးရာအစားအစာများ ခင်းကျင်းရောင်းချသည့် အစီအစဉ်လည်း ထည့်သွင်းထားသည်။

၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံအနုပညာပြခန်းများ၊ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပွဲတော်ကျင်းပခြင်းဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်၍ လူငယ်နှင့် စာပေအနုပညာပွဲတော်များ ကျင်းပပေးခြင်းသည် အနာဂတ်လူငယ်များ စာမဖတ်လျှင် စာပေနှင့် ကင်းကွာနေလျှင် အနာဂတ်နိုင်ငံတော်အတွက် ပြဿနာများစွာဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လူငယ်များ၏ အတွေးအခေါ် အယူအဆမှန်ကန်အောင်၊ အရည်အသွေးပြည့်ဝလာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယနေ့ခေတ်ကာလသည် သိပ္ပံနှင့် နည်းပညာရပ်များ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပညာခေတ်ရောက်ရှိနေသည်ဖြစ်ရာ လူငယ်တို့၏ ဘဝနှင့် အသိဉာဏ်မြင့်မားတိုးတက်ရေးအတွက် စာပေသည် အခရာကျသောနေရာမှ ပါဝင်နေပေသည်။

သစ်ပင်တစ်ပင်သည် မည်မျှပင်အခက်အလက် အပွင့်အဖူးတို့ဖြင့် သာယာဝေစည်ဖွံ့ဖြိုးနေပါသော်လည်း ရေသောက်မြစ်မခိုင်မာပါက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြိုလဲပျက်စီးသွားမည်ဖြစ်သည်။ အလားတူ ပညာခေတ်တွင် ခေတ်မီရုပ်ဝတ္ထုပစ္စည်းအင်အား မည်မျှပင်ပြည့်စုံစေကာမူ ပညာဗဟုသုတ၊ စာပေအသိဉာဏ်မရှိပါက နည်းပညာ၏ ဆိုးကျိုးကြောင့် တစ်နေ့နေ့တွင် ပြိုလဲပျက်စီးရမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်က ကြီးမှုးကျင်းပသော လူငယ်နှင့် စာပေအနုပညာပွဲတော်ကို အခါအခွင့်သင့်ချိန် ပါဝင်နွှဲပျော်ခြင်းဖြင့် ကျောင်းသားလူငယ်များတွင် စာပေဗဟုသုတများ အသိပညာ၊ အတတ်ပညာများ တိုးပွားလာမည်ဖြစ်ပေသည်။ ကျောင်းပေါင်းစုံမှ လူငယ်များစွာ ဆုံစည်းကြရာ စာချစ်ပေချစ်စိတ်မှ မိတ်သစ်ဆွေသစ်များလည်း တိုးပွားလာပေမည်။ အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးမည့် ပညာပြည့်ဝနှလုံးလှ လူငယ်များစွာ တိုးပွားလာစေမည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကြီး နှစ်စဉ်မပြတ် ကျင်းပနိုင်ပါစေကြောင်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

# တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၁၅**

တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ပြည်တွင်းခရီးသွားများအပြင် ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲတွင် တောင်သမန်တံတားနှင့် အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်းခရီးသွားအပြင် အရှေ့တောင်အာရှနိုင်ငံတွေက ခရီးသွားတွေ ဝင်ရောက်လည်ပတ်မှုကလဲ တော်တော်လေးများလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့ အင်းကနေ နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ခရီးသွားတွေ ပြန်များလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ ဒီဇင်ဘာလ ပထမပတ်က ဗီယက်နမ်၊ ထိုင်း၊ ကိုရီးယား၊ တရုတ် စသည့်နိုင်ငံများမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှုမှာ တစ်ရက်လျှင် ဦးရေ ၇၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အမည်ပေါက်ဂရန်မြေများကို စိတ်ဝင်စားမှု များနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်းမြင့်တက်နေပြီး ယခုလပိုင်းအတွင်း ငွေကျပ်သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထို့အတူ စလစ်မြေ၊ ဂရန်မြေများ ပို၍စိတ်ဝင်စားမှုများလာပြီး အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုရှိလာသဖြင့် အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ခတ်စပြုလာကြောင်း၊ ထိုသို့ အရောင်းအဝယ်ဖြစ်လာရခြင်းမှာ အိမ်ခြံမြေဈေးကွက်အတွင်း မမှန်ကန်သောနည်းလမ်းများဖြင့် မြေအရောင်းအဝယ်ဆောင်ရွက်မှုများ ရှိလာသောကြောင့် အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုများလာရခြင်းဖြစ်ကြောင်း သိရသည်။

"လက်ထဲမှာ ငွေသားကိုင်မထားချင်တာတွေကြောင့် အိမ်ခြံမြေဈေးကွက်ထဲကို တစ်နိုင်တစ်ပိုင်ရင်းနှီးမြှုပ်နှံလိုသူတွေ ဦးလှည့်လာကြတာကို တွေ့ရတယ်။ အဲဒီလိုတွေကြောင့် အလုပ်အခတ်တွေများနေတာပေါ့။ ဈေးတွေကလဲ တစ်ရက်နဲ့တစ်ရက် မတူဘူး။ ဒီနေ့ ဒီဈေးပြောထားပေမဲ့ နောက်နေ့ အဲဒီဈေးရချင်မှရတော့မယ်။ ဈေးတွေကမငြိမ်ဘူး။ အခုဈေးကွက်က ပေါက်ဈေးစနစ်ထက် ရောင်းသူစိတ်ကြိုက် ခေါ်ဈေးဖြစ်နေတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းနီးသောရပ်ကွက်များ၌ ပို၍ငှားရမ်းကြကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးညိုအေးထံမှ သိရသည်။

(၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံမှကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် နယ်စုံမှ ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် နယ်စုံမှ လှိုင်လှိုင်ပေါ်ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးနှင့် ၁၂ ဘီးကားအစီးရေ ၃၀ မှ ၄၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်လာသည့် ကုန်စိမ်းသီးနှံများအားလုံးမှာ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ဈေးကွက်မှာတော့ ကုန်စိမ်းသီးနှံတွေအားလုံး ပုံမှန်အတိုင်းပဲရောင်းချနေရပါတယ်။ အခုချိန်က နယ်စုံဒေသကထွက်တော့ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ ခရမ်းချဉ်သီးက အခုလက်ရှိ ၁၈ ပိဿာဝင် သေတ္တာတစ်လုံးကို အမျိုးအစားအလိုက် ငွေကျပ် ၁၂၀၀၀ ကနေ ၂၇၀၀၀ ဈေးထိရှိနေတယ်။ ဂေါ်ဖီထုပ်က တစ်ထုပ်ကို ငွေကျပ် ၆၀၀၊ ပန်းမုန်လာက တစ်ပွင့်ကို ငွေကျပ် ၈၀၀၊ ဗိုလ်စားပဲက တစ်ပိဿာကို ငွေကျပ် ၂၅၀၀၊ ခရမ်းသီးက တစ်ပိဿာကို အမျိုးအစားအလိုက် ငွေကျပ် ၅၀၀ ကနေ ၇၀၀၊ ဂေါ်ရခါးသီးက တစ်လုံးကို အရွယ်အစားအလိုက် ငွေကျပ် ၁၁၀ ကနေ ၁၅၀ ရှိပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံဒေသမှ ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ ခါကြက်ဥ၊ အာလူး၊ ဗိုလ်စားပဲ စသည့်ကုန်စိမ်းသီးနှံများ နေ့စဉ် ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

➤ စာမျက်နှာ ၄ မှအဆက်

ဖျက်ဆီးရေး၊ တိုက်ခိုက်ရေး၊ တပ်ဖွဲ့ဝင်များ ရွှေ့တန်းသို့သယ်ပို့ပေးရန် Bell-205 ရဟတ်ယာဉ်များနှင့် Bell-206 ရဟတ်ယာဉ်များကို ၁၉၇၅ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း ဝယ်ယူခဲ့ပြီး Bell-212 ရဟတ်ယာဉ်ကို ၁၉၈၆ ခုနှစ်တွင်လည်းကောင်း၊ Turbothrust ဆေးဖျန်းလေယာဉ်များကို ၁၉၈၄ ခုနှစ်တွင် ဖြည့်တင်းခဲ့သည်။

၁၉၇၅ ခုနှစ် ပန်ပိစစ်ဆင်ရေး၊ ၁၉၇၆ ခုနှစ် မဲလုံးစစ်ဆင်ရေးနှင့် ဇင်နူးစစ်ဆင်ရေးတို့တွင် Bell-205 ရဟတ်ယာဉ်များကိုအသုံးပြုခဲ့သည်။ မိုးဟိန်းစစ်ဆင်ရေး အဆင့်(၁)ကို ၁၉၇၆ ခုနှစ် မေ ၂၂ ရက်မှစတင်ခဲ့ပြီး အဆင့်(၁၂)ထိ ရေရှည်ဆောင်ရွက်ခဲ့ရသည်။ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့်(၁)ကို ၁၉၈၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ကာ ၁၉၈၇ ခုနှစ်တွင် အဆင့်(၄)ထိ ဖြစ်ခဲ့သည်။ ဤစစ်ဆင်ရေးများတွင် Turbothrust ဆေးဖျန်းလေယာဉ်ဖြင့် ဘိန်းခင်း ၂၃၂၂၂ ဧကကို ဝေဟင်မှ ဆေးဖျန်းဖျက်ဆီးခဲ့သည်။

သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်မုန်တိုင်း(၂၀၀၈ ခုနှစ်) မြစ်ဝကျွန်းပေါ်တွင် ဝင်မွှေခံရခြင်း၊ ကိုဗစ်ရောဂါဆိုးကြီး ၂၀၁၉ ခုနှစ်တွင် ကမ္ဘာနှင့်ချီကာ ထိခိုက်ခံစားရခြင်း၊ မိုခါမုန်တိုင်း ၂၀၂၃ ခုနှစ် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ကို ထိုးနှက်ခဲ့ခြင်းစသည့်ဖြစ်ရပ်များတွင် လူ၊ ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ခဲ့သည်။ လေယာဉ်၊ ရဟတ်ယာဉ်များ အချိန်နှင့်တစ်ပြေးညီ ပျံသန်းလုပ်ဆောင်ခြင်းများရှိခဲ့၏။

**ဆန့်ထုတ်စွမ်းအား မြင့်မားဂုဏ်အင် တပ်တော်ဝင်**

တပ်မတော်(လေ)တွင် တပ်တော်ဝင်အခမ်းအနားများ ၂၀၁၀ ပြည့်နှစ်မှ ပြုလုပ်ခဲ့သည်။ စင်စစ် လေယာဉ်၊ ရဟတ်ယာဉ်အမျိုးအစားအလိုက် ဝယ်ယူဖြည့်တင်းမှုမျိုးဖြစ်သဖြင့် လေကြောင်းစွမ်းအားနှင့်စွမ်းရည်မျှညီအောင်ဆန့်ထုတ်ခြင်းသဘောဆောင်ပေလိမ့်မည်။ တပ်မတော်၏ အဓိကရည်မှန်းချက်မှာ "Standard Army" ဟူသော သေနင်္ဂဗျူဟာအခင်းအကျင်းဖြစ်၏။ စစ်စွမ်းရည်အရဖြစ်စေ၊ စစ်အင်အားအရဖြစ်စေ အမြဲတမ်း အသစ်အသစ်ဖြစ်နေရမည်မှာ အစဉ်အလာဖြစ်သကဲ့သို့ အမြဲတမ်းအသင့်ဖြစ်နေရမည်မှာ တပ်မတော်အဖွဲ့အစည်းတိုင်း၏ ပဓာနတာဝန်ဖြစ်၏။

ဤတာဝန်ကိုထမ်းဆောင်ခြင်းသည် တပ်တော်ဝင်အခမ်းအနား၏ ဦးတည်ချက်သေနင်္ဂဗျူဟာလှမ်းချီခြင်း၊ လမ်းဖွင့်ပေးခြင်းဟုဆိုရပေလိမ့်မည်။ ထိုအခါ ဆန့်ထုတ်စွမ်းရည်မြင့်မားလာခြင်းနှင့်အတူ "Standard Army" အဆင့်သို့ မလွဲမသွေရောက်ရှိလာပေလိမ့်မည်။ ယုတ်စွအဆုံး မဝေးတော့သည့်အချိန်ကာလတစ်ခု၏ သက်ရောက်မှုဘောင်အတွင်း ပန်းတိုင်တည်ရှိနေပြီဖြစ်၏၊ ဖြစ်ပါ၏။

ဤတပ်တော်ဝင်အခမ်းအနားများကြောင့် ပေါ်ထွက်လာသည့် အသစ်အသစ်သောစစ်လက်နက်ပစ္စည်းပုံသဏ္ဌာန်၊ အဆင့်အတန်း၊ အမြင့်အလှမ်းနှင့်နည်းနာနိဿယတို့အပေါ်အခြေခံကာ ကျွမ်းကျင်တတ်မြောက်မှု၊ အသုံးချခန့်ခွဲမှု စသည်တို့မြင့်မားလာမည်။ ပညာရပ်ဆိုင်ရာအသိများ၊ အလေ့အကျင့်များ ဆင့်ပွားနားလည်လာပါလိမ့်မည်။ တပ်မတော်(လေ) အနေနှင့် လူ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ စစ်လက်နက်ပစ္စည်းဆိုင်ရာကိစ္စများနှင့် စက်မှုလက်မှုပိုင်းအရ တစ်နှစ်ထက်တစ်နှစ် အနှစ်သာရ ပိုရှိလာနေသည်။ တစ်နည်းပြောရလျှင် တပ်တော်ဝင်ဆိုသည်မှာ တပ်မတော်စွမ်းရည်မြှင့်တင်တည်ဆောက်ခြင်းဟု ပြောရပေလိမ့်မည်။

**မိုးထိမြင့်စိတ်ထား အမျိုးသမီးလေသူရဲများ**

လေသူရဲများအခန်းကဏ္ဍနှင့်ပတ်သက်၍ တစ်ခေတ်ဆန်းလာခဲ့လေပြီ။ ယခင်က အမျိုးသားများသာ စွန့်လွှတ်စွန့်စားဆောင်ရွက်ခဲ့ရသော်လည်း ၂၀၁၇ ခုနှစ်မှစတင်ကာ အမျိုးသမီးများပွဲထုတ်လာပြီး သင်တန်းတက်ရောက်ခွင့်ပြုခဲ့သည်။ ယနေ့ခေတ် ကမ္ဘာ့အမြင်ဖြင့်ကြည့်လျှင် မဆန်းတော့။ လေသူရဲလောက အမျိုးသမီးများထိုးဖောက်ဝင်ရောက်နေရာယူခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ မြန်မာနိုင်ငံအတွက်မူ လာခြင်းကောင်းပါ၏။ ရှိနှင့်ပြီးစွမ်းရည်တစ်ခုကို ဆွဲထုတ်ဆန့်ယူ အသုံးပြုခွင့်ရရှိခြင်းပင်ဖြစ်သည်။

၂၀၁၇ ခုနှစ် အမှတ်စဉ်(၈၀) အမျိုးသမီးလေသူရဲသင်တန်းသီးခြားဖွင့်လှစ်ခဲ့ပြီး လေသူရဲအမျိုးသမီး ခြောက်ဦးပေါ်ထွက်ခဲ့ပါသည်။ ထို့နောက် ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ စသည်ဖြင့် နှစ်စဉ်အမျိုးသား၊ အမျိုးသမီးပူးတွဲသင်တန်းများ ဖွင့်လှစ်ခဲ့၏။ အမှတ်စဉ်(၈၁)မှစတင်ကာ ယခုနှစ် အမှတ်စဉ်(၈၅)အထိဆိုလျှင် ကျောင်းဆင်းလေသူရဲအမျိုးသမီးများစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်၏။

အမျိုးသမီးလေသူရဲများကို မူလက သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ရဟတ်ယာဉ်များတွင်သာ တာဝန်ပေးအပ်ရာမှ ယခုဆိုလျှင် တိုက်ခိုက်ရေးလေယာဉ်များတွင်ပါ တိုက်လေသူရဲအဖြစ် တာဝန်ပေးအပ်လာကြောင်း သိရှိရသည်။ ကမ္ဘာ့လေကြောင်းလောကတွင် အမျိုးသမီးများပါဝင်နေရာယူလာမှုမှာ ၁၉၁၀ ပြည့်နှစ်လောက်ကပင် ထဲထဲဝင်ဝင်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

**စိန်ရတုအလွန် ခေတ်တွန်းလွှင့်ပြီ**

ယနေ့ပစ္စက္ခသည် တပ်မတော်(လေ)သက်တမ်း စိန်ရတုအလွန်ကာလတစ်နည်းဆိုရသော် ဖြတ်ကျော်လာခဲ့ ခရီးတာ ၇၆ နှစ်တင်းတင်းပြည့်ခဲ့လေပြီ။ စစ်၏အားမောင်းအချွန်အဖျားလည်း တံခွန်လွှားနိုင်ခဲ့ပြီဟုဆိုနိုင်လောက်ပါ၏။ နိုင်ငံတကာနှင့်အညီ စစ်သွေးစစ်ရည်တန်းမီယှဉ်နိုင်စေတန်ရာရောက်ခဲ့ပြီဟု ဆိုရမည်။ တပ်မတော်၏ စစ်လက်ရုံးတစ်ခု၊ ကာကွယ်ရေးအစိတ်အပိုင်းတစ်ရပ် ပါဝင်ခဲ့သည့် တပ်မတော်(လေ)သည် နိုင်ငံတော်ကို ပြည်တွင်းစစ်ယန္တရားကြီး မျိုဝါးမှုဘေးမှအကြိမ်ကြိမ်ကာကွယ်ရာတွင်လည်းကောင်း၊ နိုင်ငံမပြိုကွဲရေးကိစ္စကြီးငယ်များမှစောင့်ရှောက်ရာတွင်လည်းကောင်း ပါဝင်ခဲ့သည်။ အတွေ့အကြုံများအရ မီးနာသည့်သံကောင်း၊ အသွားထက်မြသည့် ဓားတစ်ချောင်းအဖြစ် စစ်သွေးမာန်အပြည့် သံမဏိမော်ကွန်းထူနိုင်ခဲ့ပြီဖြစ်၏။

လေကြောင်းပညာရပ်တို့ဆုံစည်းရာ မိတ္ထီလာမြို့ကလေးသည်ပင်လျှင် တပ်မတော်(လေ)၏ လေကြောင်းရပ်ဝန်း၊ လေကြောင်းလွှင်ပြင်ဗဟိုစက်ဝန်းသဖွယ်ဖြစ်လာသည်။ ထိုစက်ဝန်း၏ အဓိက ဆုံမှတ်မှာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ဟုဆိုချင်ပါ၏။ ဆိုနိုင်လောက်ပါ၏။ ကြည့်လေ သိပ္ပံနှင့် နည်းပညာစက်မှုကွန်ရက်အခင်းအဖြန့်၊ ထိုလေတပ်စခန်းဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် တပ်မတော်(လေ)၏ မောင်းနှင်အားဖြစ်သည့် လေယာဉ်မောင်းသင်တန်းကျောင်း ပြီးတော့ လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီးရှိသည်။ ဘေးပတ်ဝန်းကျင်ဝယ် ဆန့်ထွက်ဖြန့်ကြက်ထားသည်မှာ လေကြောင်းဆိုင်ရာမြေပြင်အတတ်ပညာရပ်များသင်ကြားပေးသည့်ကျောင်းများရှိရာ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်ရှိနေသည်။ အခြားတစ်ဖက်တွင်တော့ စက်မှုလုပ်ငန်း များပြားစုံလင် လေတပ်ဝိညာဉ်ဆိုလောက်သည့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်ကြီးရှိနေပြန်သည်။ စွမ်းအင်နှင့် စွမ်းရည်မျှခြေညီညွတ်မှု၊ ကမ်းဆင့်တန်းမြှင့်စေရန် နီးစပ်ပေါင်းကူးဆက်နွယ်စေခြင်းမျိုးများဖြစ်ပေလိမ့်မည်။ လေယာဉ်၊ ရဟတ်ယာဉ် စစ်လက်နက်ပစ္စည်းပိုင်းဆိုင်ရာ စက်မှုလက်မှုကဏ္ဍ၏ စနစ်ကျနမှု၊ ကြံ့ခိုင်မှု၊ ခေတ်မီမှုနှင့် ထုတ်လုပ်တီထွင်ကြံဆမှု၊ ပြုပြင်ဆောင်ရွက်မှု စသည့်အသိပညာပိုင်း ပေါင်းစပ်မှုဖြင့် "စွမ်းအင်"ဖြစ်လာမည်။ ထိုစွမ်းအင်အပေါ် ကျွမ်းကျင်မှုအတတ်ပညာဖြင့် ထိန်းကျောင်းနိုင်မှု၊ ချုပ်ကိုင်နိုင်စွမ်းရှိမှုတို့သည် "စွမ်းရည်" ဖြစ်လာပေလိမ့်မည်။ စွမ်းအင်နှင့် စွမ်းရည်သည် လေကြောင်းပညာရပ်၏ အချွန်အဖျားပင်တည်း။ ထိုအခါ အရည်အသွေးနှင့် အရည်အချင်း၏တန်ဖိုးအပြင် လူစွမ်းအားအရင်းအမြစ်၏ မျှညီခြင်းပြယုဂ်ပေါင်းစည်းခြင်းသရုပ်မှန်အဖြစ် အပေါင်းလက္ခဏာသဘော ဖြစ်ထွန်းလာပေလိမ့်မည်။

တပ်မတော်(လေ)သည် ဖွဲ့စည်းပြီး ခြောက်နှစ်အကြာ ၁၉၅၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံထုတ် Vampire ဂျက်လေယာဉ်ကို ဝယ်ယူအသုံးပြုကာ စစ်ဆင်ရေးနှင့် လေ့ကျင့်ပျံသန်းရေးတို့တွင် အဆင့်မြင့်စွာဆောင်ရွက်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၌ ဂျက်လေယာဉ်ကို ပထမဆုံးသုံးစွဲသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း ဖတ်ရှုလေ့လာမှတ်သားသိရှိရသည်။ ထိုစဉ်ကာလ ခေတ်အနေအထားနှင့်ချိန်ထိုးစဉ်းစားကာ ယနေ့မျက်မှောက်ကာလမြင်ကွင်းကို သုံးသပ်နိုင်သည်။ လေကြောင်းပညာရပ်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ၏အတွန်းအဖွင့်မှာ ကြောက်စရာကောင်းလောက်အောင် မြင့်တက်လာနေ၏။ လေယာဉ်မြန်နှုန်းမြင့်စနစ်များတွင် "Supersonic" စနစ်မှသည် "Hypersonic" အဆင့်ထိ ရောက်ရှိနေကြောင်းနှင့် ၂၀၀၄ ခုနှစ်ခန့်ကပင် အသံထက်မြန်နှုန်း ၁၀ ဆထိမြင့်တက်အောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း ဖတ်ဖူးသဖြင့် ယနေ့ခေတ်တွင်မူ ထိုထက်မကတော့သောကြောင့် ခိုင်လုံနေ၏။ ပညာရပ်နယ်ပယ်ကျယ်ဝန်းလာနေသမျှ ကြိုးပမ်းမှုများ ဆတိုးလာရပေလိမ့်မည်။

**မကြွေမနွမ်း ပွင့်မည့်ပန်း**

တကယ်တော့ တပ်မတော်(လေ)သည် လွတ်လပ်ရေးနှင့်ယှဉ်တွဲကာ ဖူးပွင့်ရှင်သန်သန္ဓေမှန်ခဲ့သည်ဟုဆိုရမည်။ သမိုင်းကြောင်းအရ ဖြတ်ကျော်လာသောခရီးတစ်လျှောက် မိမိရှိသမျှစွမ်းအားကိုအခြေပြုကာ တပ်မတော်(ကြည်း) တပ်ရင်းတပ်ဖွဲ့များနှင့်အတူ နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုများသည်လည်း ကောင်းမြတ်သည့်အစဉ်အလာကိုပိုင်ဆိုင်ခဲ့လေပြီ။ သည်တော့ မိမိသမိုင်း၏အလှတရားနှင့်အတူ မျိုးဆက်သစ်တို့ကို ကောင်းမွေဆင့်ကမ်း၊ ကောင်းလမ်းဖွေ၍ ညွှန်းပြနိုင်ခဲ့ပြီဖြစ်၏။ သမိုင်းသည်မပြီးဆုံးသေး ဆက်၍ဆက်ကာ ချီတက်ရန်သာ၊ ဂုဏ်သရေထက် အရည်အချင်းသည် ကိုယ်ပိုင်ဖြစ်၏။

ဖြတ်သန်းကာလနှင့်အညီ သာဓကဆောင်ရသော် ပန်းကလေးမှသည် ပန်းပင်ကြီး၊ သစ်ပင်ကလေးမှသည် သစ်ပင်ကြီး၊ သီးပွင့်ဝေဆာပဒေသာအသွင်ဖြစ်ခဲ့လေသည့် တပ်မတော်(လေ)သည် နည်းပညာ၊ နည်းစနစ်၊ ပညာခေတ်၏အဆင့်ဆင့်မြင့်တက်လာမှုနှင့်အပြိုင် လေကြောင်းပညာရပ်များ ပိုင်နိုင်ဆုပ်ကိုင်တာဝန်ယူနိုင်ခဲ့ပြီဖြစ်၏။ သက်တမ်းတည်သမျှ သက်တမ်းရှည်ရန် တာဝန်ရှိလာမြဲ။ တစ်ချိန်သောအခါ မြင့်မားလာသည့် ပုံရိပ်နှင့်အတူ တပ်မတော်တစ်ရပ်လုံး၏ ဥပမိသည် ကြီးမားသည့်စွမ်းရည်ဖွဲ့မီ ခိုင်မြဲတည်ရှိလာပေလိမ့်မည်။

တပ်မတော်(လေ)သည် သိပ္ပံနှင့်နည်းပညာကြွယ်ဝမှုဝမ်းစာပြည့်ဝလာသကဲ့သို့ လေကြောင်းပညာရပ်ဆိုင်ရာ နယ်ပယ်အဝန်းအဝိုင်းကျယ်ပြောလာပေလိမ့်မည်။ အမှန်တော့ သွင်ပြင်လက္ခဏာသန္ဓေမှန်ခဲ့လေသမျှ မုန်တိုင်းကြားမှ ထိုးထွက်ဖူးပွင့်လာသည့်ပန်း၊ အဓိပတိပန်း၊ သံမဏိပန်း။

နိုင်ငံနှင့်လူမျိုး အကျိုးမျှော်ရည် မြဲရပ်တည်ကာ ညီညာစိတ်ဝမ်း ဘယ်တော့မှမပျက်မကြွေ၊ မကြွေမနွမ်းပွင့်မည့်ပန်းဟု တပ်မတော်(လေ)၏ ဂုဏ်ဒြပ်အား စကားရင်ဖွင့်ကျူးရင့်ဂုဏ်ပြုလိုက်ပါသည်။

## ပြည်မြန်မာသာစေကြောင်း အားဖြည့်ထပ်လောင်း

- တပ်တော်ဝင် ဆင်ယင်နွှဲ
ခြိမ့်ခြိမ့်သဲ အောင်လံထူ၊
တပ်မတော်(လေ) တော်ဝင်ပန်း
ဆင့်ကမ်းဆောင်ယူ၊
လေသူရဲတို့ အောင်လံတလူလူ
ဤဇမ္ဗူမှာ ဝင့်ဝင့်ကြွား၊
ထက်ဝဋ္ဋာ ကောင်းကင်တမွတ်
စွန့်လွှတ်စွန့်စား။

- လေသူရဲစက်မှုလက်မှုအုပ်ချုပ်မှုတို့
သုံးခုမဏ္ဍိုင် ကြံ့ကြံ့ခိုင်၊
စွမ်းအားပိုင် လေကြောင်းအာကာသ
သာစွခုတိုင်၊
စွမ်းရည်ထက်မြက် စွန့်စားနိုင်
လက်ကိုင်ထားတဲ့ မြဲသုံးမြဲ၊
ရည်မှန်းတာဝန် ကျေပွန်ရေး
သက်ပေးဆင်နွှဲ။

- ဒို့လေယာဉ် ဝေဟင်ထက်
ဖြန့်ကြက်လို့ မောင်းကာနှင်၊
အရည်အချင်းပေါ် အရည်အသွေးဆင့်
လေ့ကျင့်မြဲပင်၊
နိုင်ငံတကာရဲ့ လေယာဉ်၊ ရဟတ်ယာဉ်
မပြတ်အစဉ် လေ့လာမှတ်သား၊
စွမ်းပကားကို ဉာဏ်ချင့်တွက်
ဖြည့်စွက်အင်အား။

- ပိုင်နက်နယ်ပယ် လုံခြုံရေး
စုံစုံတွေးလို့ မြဲဆင်ခြင်၊
တို့မြေရေ ဝေဟင်တွင်း
ကင်းလှည့်မောင်းနှင်၊
အရေးသုံးပါး ဦးထိပ်တင်
မျိုးချစ်ခင် ဒို့စိတ်ဓာတ်၊
ရန်ကိုခင်းလို့ ထိပါးလျှင်
ထိုးစစ်ဆင် အပြတ်ရှင်း
သက်နှင်းလို့အပ်။


- တပ်တော်ဝင် လေယာဉ်များ
စွမ်းပကား မြင့်လှသလေ၊
လေသူရဲဆို ဒို့စွမ်းအားနဲ့
အံ့မခန်းပြစေ၊
ကမ္ဘာ့အရပ်ရပ် အတိုင်းတိုင်းအပြည်ပြည်
မိမြန်ပြေ ကျော်စေသား၊
တပ်မတော်(လေ) အာကာတစ်ဝှမ်း
လွှမ်းအုပ်မိုးထား။

- နှစ်ပတ်လည် စေ့လာရောက်
ခုနစ်ဆယ့်ခြောက် ပြည့်ခဲ့စဉ်၊
ကမ္ဘာကို ရင်ပေါင်တန်း
ဖြည့်စွမ်းအားအင်၊
လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်
မှတ်ကျောက်တင် ဂုဏ်မြင့်မား၊
ကမ္ဘာမှာ မြန်မာဟေ့လို့
ကျော်ပေ့စေသား။ ။

**ရွှေညာမြေမြတ်သင်းကြိုင်**

# SCIENCE AND TECHNOLOGY

## ကြယ်တာရာဟင်းလင်းပြင်အတွင်းရောက်ရှိနေသော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ထူးဆန်းသည့်သတင်းအချက်အလက်များ ပြန်လည်ပေးပို့နေ



**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

ကြယ်တာရာ ဟင်းလင်းပြင် နယ်မြေအတွင်း ရောက်ရှိနေသော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ထူးထူးဆန်းဆန်းပြုမူနေပြီး ထူးဆန်းသည့် သတင်းအချက်အလက်များ ပြန်လည်ပေးပို့နေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အင်ဂျင်နီယာများက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကမ္ဘာမြေနှင့်အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နားလည်ရခက်သည့် သတင်းအချက်အလက်တစ်ရပ်ကို အကြိမ်ကြိမ်ပေးပို့နေခြင်းဖြစ်သည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် တစ်ဂဏန်းနှင့် သုညဂဏန်းများသာပါသည့် နှစ်လုံးတွဲ သတင်း အချက်အလက်များကို ပြန်လည်ပေးပို့နေကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗွိုင်ယေဂျာ-၁ တွင် တပ်ဆင်ထားသည့် TMU အမည်ရှိ ဝိုင်ယာလက်စ်သတင်းအချက်အလက် လွှဲပြောင်းပေးပို့မှုစနစ် ပြဿနာတစ်ရပ်ကြောင့် ထူးဆန်းသည့် သတင်းအချက်အလက်များကိုသာ ဗွိုင်ယေဂျာ-၁ က ထုတ်လွှတ်နေခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

မစ်ရှင်သက်တမ်း ၄၆ နှစ်ရှိပြီဖြစ်သော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၅ ဘီလီယံခန့်အကွာ ကြယ်တာရာဟင်းလင်းပြင်အတွင်း ရောက်ရှိနေသည်။

၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၁ သည် နေ၏ဩဇာသက်ရောက်ရာ ဟီလီယိုစဖီးယားနယ်မြေကို ဖောက်ထွက်နိုင်ခဲ့သည့် ပထမဆုံးအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြန်လည်အသုံးပြုနိုင်သော အာကာသယာဉ်တစ်မျိုးကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ တတိယအကြိမ်အဖြစ် လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၁၅**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော အာကာသယာဉ်တစ်မျိုးကို ဒီဇင်ဘာ ၁၄ ရက်တွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ တတိယအကြိမ်အဖြစ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်ကို ချိကွမ်း အာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၂ အက်ဖ် အမျိုးအစား ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက အိတ်စ်-၃၇ ဘီဟူ၍ အမည်ပေးထားသည့် ပြန်လည်အသုံးပြုနိုင်သော အာကာသယာဉ်တစ်မျိုးကို လွှတ်တင်ခဲ့ပြီး တစ်ရက်အကြာတွင် တရုတ်နိုင်ငံကလည်း ၎င်း၏အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အိတ်စ်-၃၇ ဘီ အာကာသယာဉ်ကဲ့သို့ပင် တရုတ်နိုင်ငံ၏ ရှန်လောင်း (ကောင်းကင်နဂါး) အမည်ရှိ အာကာသယာဉ်၏ လုပ်ငန်းတာဝန်သဘာဝမှာလျှို့ဝှက်ချက်အဖြစ် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရှန်လောင်း အာကာသယာဉ်ကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ပထမဆုံးအကြိမ်လွှတ်တင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

ဒုတိယမြောက် မစ်ရှင်အတွင်း ရှန်လောင်းအာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ၂၇၆ ရက်ထိ လှည့်ပတ်ပျံသန်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စနေဂြိုဟ်၏ဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသည့် ရေငွေ့မှုန်တန်းများထဲတွင် ဇီဝမော်လီကျူးများပါဝင်နေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

စနေဂြိုဟ်၏ဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသည့် ရေငွေ့မှုန်တန်းများထဲတွင် ဇီဝမော်လီကျူးများ ပါဝင်နေကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ထပ်မံ တွေ့ရှိထားရသည့် အထက်ပါ ဇီဝမော်လီကျူးများသည် အင်စီလေးဒပ်စ် ဂြိုဟ်ရံလပေါ်၌ အဏုဇီဝရုပ် အဖွဲ့အစည်းများ ရှင်သန်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

အဆိုပါ ဇီဝမော်လီကျူးသစ်များကို အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ဇီဝရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်စီလေးဒပ်စ် ဂြိုဟ်ရံလပေါ်၌ ထပ်မံတွေ့ရှိခဲ့ရသည့် ဇီဝမော်လီကျူးသစ် ခြောက်မျိုးထဲတွင် ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်၊ အီသိန်းနှင့် အက်စ်တလင်းတို့လည်း ပါဝင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အချင်းအားဖြင့် ၃၁၃ မိုင်ထိရှိသော အင်စီလေးဒပ်စ်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဆဋ္ဌမမြောက်အကြီးဆုံး ဂြိုဟ်ရံလဖြစ်ပြီး မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေသည့် ရေခဲဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဆေးဝါးသစ်တစ်မျိုး၏အကျိုးကျေးဇူးကို နာတာရှည်ကျောက်ကပ်ဝေဒနာရှင်များ ရယူခံစားနိုင်မည်

**လန်ဒန် ဒီဇင်ဘာ ၁၅**

နာတာရှည်ကျောက်ကပ်ရောဂါဝေဒနာရှင် လူနာထောင်ပေါင်းများစွာတို့သည် မကြာမီကာလအတွင်း ဆေးဝါးသစ်တစ်မျိုး၏ အကျိုးကျေးဇူးကို ရယူခံစားနိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Empagliflozin အမည်ရှိ အဆိုပါဆေးသည် ကျောက်ကပ်လူနာများ ကျောက်ကပ်ဆေးရန် လိုအပ်နိုင်ခြေ၊ ကျောက်ကပ်အစားထိုးရနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

Empagliflozin ဆေးသည် နေ့စဉ်သောက်သုံးပါက ကျောက်ကပ်ရောဂါ ပြင်းထန်လာနိုင်မှုကို အရှိန်လျှော့ချပေးနိုင်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် Empagliflozin ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Empagliflozin ဆေးသည် လက်ရှိအချိန်တွင် ပုံစံ-၂ ဆီးချိုရောဂါကိုကုသရေးအတွက် အသုံးပြုနေသည့် ဆေးဖြစ်သည်။

လက်ရှိအချိန်တွင် ဗြိတိန် ဆေးဝါးကွပ်ကဲမှုအဖွဲ့အစည်းများသည် Empagliflozin ဆေးကို နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များအတွက် အသုံးပြုခွင့်ရရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အသီးအရွက်အခြေခံစာတ်စာများက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**ဗီယင်နာ ဒီဇင်ဘာ ၁၅**

ကျန်းမာရေးနှင့်ညီညွတ်သော အသီးအရွက်အခြေခံဓာတ်စာများသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

လတ်ဆတ်သော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် လုံးတီးကောက်နှံများကို စားသုံးပါက မျိုးဗီဇအရ ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေရှိသူများ၊ ဆီးချိုရောဂါနောက်ခံအကြောင်းတရားများရှိနေသူများပင်လျှင် ပုံစံ-၂ ဆီးချိုဖြစ်ပွားနိုင်ခြေ လျှော့ချနိုင်မှုအကျိုးကျေးဇူးကို ရယူခံစားနိုင်ကြောင်း ဩစတြီးယား သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသီးအရွက်အခြေခံဓာတ်စာများ စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဩစတြီးယား သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အသီးအရွက်အခြေခံဓာတ်စာများစားသုံးခြင်းဖြင့် သွေးအတွင်းပါဝင်သည့် သကြားဓာတ်များကို ချေဖျက်နိုင်စွမ်း ပိုမြင့်မားလာခြင်း၊ အသည်းနှင့်ကျောက်ကပ်စွမ်းဆောင်ရည်များ အားကောင်းလာခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရနိုင်ကြောင်း သိရသည်။

ဩစတြီးယားသုတေသနပညာရှင်များသည် ၁၂ နှစ်ကြာ အချိန်ယူစုဆောင်းထားသော လူပေါင်း ၁၁၃၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်းကိုလက်စထရောနှင့်သကြားဓာတ်ပါဝင်မှုပုံမှန်ရှိခြင်း၊ ရောင်ရမ်းမှုနှင့်အင်ဆူလင်ထုတ်လုပ်မှုအဆင့်ပုံမှန်ရှိခြင်းများသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကျဆင်းလာမှုနှင့် ဆက်စပ်နေနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၁၅**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၂၃ အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၄ ရက် ည ၆ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ကျော်ဇင်ဖြိုး၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ ဇင်ဖြိုးအောင်၊ မက်ခ်ဆာကီ၊ ရဲရင့်အောင်နှင့် ဘယ်လို အစရှိသည့်အဓိကကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၃၁ မိနစ်တွင် နီတိုက ဖနွမ်းပင်ခရောင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ဘယ်လိုက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၄၅ မိနစ်တွင် ရဲရင့်အောင်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ဂိုးသွင်းခွင့်အချို့ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် ခြောက်ပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ်လေးမှတ်ဖြင့် အုပ်စုနောက်ဆုံးတွင်ရပ်တည်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

STA

## ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဘရိုက်တန်အသင်း အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၁၅**

ယူရိုပါလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် မာဆေးအသင်းတို့ပွဲစဉ်တွင် ဘရိုက်တန်အသင်းက ပွဲကစားချိန် ၈၈ မိနစ်တွင်ရရှိသည့် နောက်ကျသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘရိုက်တန်အသင်းသည် ယူရိုပါလိဂ်အုပ်စု(B) ငါးပွဲကစားအပြီးတွင် ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုအဆင့်မှ တက်ရောက်နေသော်လည်း အုပ်စုဒုတိယနေရာတွင် ရပ်တည်နေသည့် မာဆေးအသင်းနှင့် ရမှတ်တစ်မှတ်ကွာဟလျက်ရှိပြီး ယခုပွဲစဉ်တွင် မာဆေးအသင်းအား ပွဲချိန်ပြည့် ထိန်းချုပ်ကစား၍ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင် ဂျာအိုပက်ထရို၏ သွင်းဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုပထမနေရာသို့ရောက်ရှိခဲ့သည်။

ယခုပွဲစဉ်သည် နှစ်သင်းစလုံး အုပ်စုအဆင့်မှ တက်ရောက်နေသော်လည်း အုပ်စုပထမနေရာရရေးအတွက် အကြိတ်အနယ်ကြိုးပမ်းခဲ့ကြပြီး မာဆေးအသင်းကအနည်းဆုံးသရေရလဒ် ထွက်ပေါ်ပါက အုပ်စုပထမနေရာ ရမည်ဖြစ်သောကြောင့် ခံစစ်ပိုင်းအသားပေး၍ ဘရိုက်တန်အသင်း၏တိုက်စစ်ဆင်မှုများကိုထိန်းချုပ်ကစားခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ပွဲပြီးဆုံးခါနီး နှစ်မိနစ်အလိုတွင် ဂရော့၏ဖန်တီးပေးမှု ဂျာအိုပက်ထရိုက ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် မာဆေးအသင်းရှုံးပွဲကြုံခဲ့ပြီး အုပ်စုဒုတိယနေရာဖြင့် အဆုံးသတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် ရခိုင်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဦးစွာ ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၂၃ မိနစ်တွင် စိုးမင်းအောင်က ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၇ မိနစ်တွင် အောင်နိုင်ဝင်းက ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများရှိခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် ပီတာအောင်ဝေထူးက ပင်နယ်တီမှတစ်ဆင့် ရောဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် လင်းထက်ပိုင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်း ဂိုးသမား ချမ်းငြိမ်းကျော်ကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

### အားကစားသတင်း အတိုအထွာများ

- ၂၀၂၂ ကမ္ဘာ့ဖလားတွင် တိုက်စစ်မှူး မက်ဆီဝတ်ဆင်ကစားခဲ့သည့်အင်္ကျီများကို လေလံတင်ရောင်းချခဲ့ရာ ဒေါ်လာ ၇ ဒသမ ၈ သန်းရရှိခဲ့ကြောင်း သိရသည်။
- ယခုနှစ်တွင် အင်္ဂလန်ကလပ်အသင်းများနှင့် ဆော်ဒီအာရေဗျကလပ်အသင်းများက ကစားသမားခေါ်ယူရာတွင် အသုံးပြုခဲ့သည့် အေးဂျင့်ဝန်ဆောင်ခမှာ စုစုပေါင်း ဒေါ်လာ ၈၈၈ သန်းထိရှိခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

ML

## အပြည်ပြည်ဆိုင်ရာတင်းနစ်ဖက်ဒရေးရှင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုများကို ဂျိုကိုဗစ်နှင့် ဆာဘာလင်ကာတို့ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာတင်းနစ်ဖက်ဒရေးရှင်း(ITF) က ယခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး တင်းနစ်ကစားသမား ဆုများကို ချီးမြှင့်ခဲ့ရာ ဆာဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့က ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာဖြင့် ယခုနှစ်တင်းနစ်ရာသီကိုအဆုံးသတ်နိုင်ခဲ့သည့် ဂျိုကိုဗစ်သည် တစ်နှစ်တာအကောင်းဆုံး အမျိုးသားတင်းနစ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးတင်းနစ်မယ်ဆုအဖြစ် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဆာဘာလင်ကာက ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်စဝီယာတက်ခ်ကိုကျော်ဖြတ်၍ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖက်ဒရေးရှင်း(ITF)၏ တစ်နှစ်တာအကောင်းဆုံးတင်းနစ်ကစားသမားဆုကိုဆွတ်ခူးခဲ့သည့် ဂျိုကိုဗစ်သည် ယခုနှစ် တင်းနစ်ရာသီတွင်ကျင်းပသည့် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲလေးရပ်တွင်ပြိုင်ပွဲသုံးရပ်၌ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့်အတွက်ကြောင့် တစ်နှစ်တာအကောင်းဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၂)နေရာဖြင့်သာ ယခုနှစ်တင်းနစ်ရာသီကိုအဆုံးသတ်နိုင်ခဲ့သည့် ဆာဘာလင်ကာသည် ယခုနှစ် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး US Openတင်းနစ်ပြိုင်ပွဲတွင် ဒုတိယဆု၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတို့တွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ဆာဘာလင်ကာသည် ကမ္ဘာ့အဆင့်(၂)နေရာဖြင့်သာ အဆုံးသတ်ခွင့်ရခဲ့သော်လည်း ယခုနှစ်အတွင်း ပုံစံကောင်းများပြသကာ အောင်မြင်မှုများရရှိခဲ့သည့် စဝီယာတက်ခ်ကိုကျော်လွန်ပြီး အပြည်ပြည်ဆိုင်ရာတင်းနစ် ဖက်ဒရေးရှင်း(ITF)၏ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီး တင်းနစ်မယ်ဆုကို ကစားသမားသက်တမ်းတစ်လျှောက် ပထမဦးဆုံးအကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

## ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပထမဆုံးတာဝန်ယူမည့်အမျိုးသမီးကွင်းလယ်ဒိုင်အဖြစ် ဝဲလ်ချ် မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၁၅**

အမျိုးသမီးကွင်းလယ်ဒိုင်ဝဲလ်ချ်သည် လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင်ကစားရမည့် ဖူလ်ဟမ်အသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို တာဝန်ယူခွင့်ရခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပထမဆုံးတာဝန်ယူခွင့်ရသည့် အမျိုးသမီးကွင်းလယ်ဒိုင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉၉၀ ပြည့်နှစ်က အမျိုးသမီးစည်းကြပ်ဒိုင်အဖြစ် တာဝန်ယူခွင့်ရသည့် ဝမ်ဒီတွမ် နောက်ပိုင်းတွင် မက်ဆေးအီလစ်နှင့် နာတာလီတို့သည်စည်းကြပ်ဒိုင်အဖြစ် တာဝန်ယူခွင့်ရခဲ့သော်လည်း ယခုအခါ ရေဘက်ကာဝဲလ်ချ်သည် လာမည့် ဖူလ်ဟမ်အသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူခွင့်ရမည်ဖြစ်သောကြောင့် အင်္ဂလန်ထိပ်တန်းလိဂ်ကို ပထမဆုံးတာဝန်ယူခွင့်ရသည့် အမျိုးသမီးဖြစ်လာခဲ့ကြောင်း သိရသည်။

အမျိုးသမီးဒိုင်လူကြီး ဝဲလ်ချ်သည် ပြီးခဲ့သည့်လကလည်း မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် ပထမဆုံးအမျိုးသမီးစတုတ္ထဒိုင်အဖြစ် တာဝန်ယူခွင့်ရခဲ့ပြီးနောက် ယခုအခါ ကွင်းလယ်ဒိုင်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရသည်။




ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဟောင်းဝပ်က "ကျွန်တော့်အနေနဲ့ ဝဲလ်ချ်စွမ်းဆောင်ရည်တွေကို ချန်ပီယံရှစ်ပြိုင်ပွဲမှာ တာဝန်ယူခဲ့စဉ်ကတွေ့မြင်ခဲ့ပြီးပါပြီ။ သူဟာ ပြိုင်ပွဲတစ်ပွဲကို အကောင်းဆုံး ထိန်းချုပ်နိုင်ပြီး ကစားသမားတွေကိုလဲ ကောင်းစွာကွပ်ကဲနိုင်ခဲ့တာကို တွေ့ရပါတယ်။ သူဟာနည်းစနစ်ပိုင်းနဲ့ကြံ့ခိုင်မှုပိုင်းလဲ ကောင်းမွန်တဲ့ ဒိုင်တစ်ဦးပါ။ ဒီအခွင့်အရေးဟာ သူနဲ့ထိုက်တန်တာကြောင့် လာမဲ့ ဖူလ်ဟမ်နဲ့ပွဲအတွက် တာဝန်ပေးလိုက်တာပါ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ သံသယဖြစ်ရာအကြောင်းမရှိပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်ရေတပ် မောင်းသူမဲ့ရေယာဉ်များအတွက် အလိုအလျောက်မောင်းနှင်နိုင်သောစနစ်တီထွင်ရာတွင် Serco ကုမ္ပဏီပံ့ပိုး




ဗြိတိန်နိုင်ငံ Serco ကုမ္ပဏီက အမေရိကန်ရေတပ်ရှိ မောင်းသူမဲ့ရေယာဉ်များအတွက် အလိုအလျောက်မောင်းနှင်နိုင်သောစနစ် (Self-Driving System)များ တီထွင်ရာတွင် ပံ့ပိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Serco ကုမ္ပဏီအနေဖြင့် ရေတပ်သုံးမောင်းသူမဲ့ရေယာဉ် Surface Warfare Center Carderock ဌာနကြီး၏ ရေတပ်ဗိသုကာနှင့် အင်ဂျင်နီယာဌာနကို မောင်းသူမဲ့ရေယာဉ်များ အလိုအလျောက်မောင်းနှင်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်ကိုဖန်တီးခြင်း၊ စမ်းသပ်ခြင်း၊ ရေယာဉ်များအတွက် စနစ်ပေါင်းစည်းမှု၊ ဖွဲ့စည်းပုံစီမံခန့်ခွဲမှုနှင့် ဆော့ဖ်ဝဲပိုင်းဖွံ့ဖြိုးတိုးတက်မှုတို့ကို ကူညီလုပ်ဆောင်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Surface Warfare Center Carderock ဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အမေရိကန်ရေတပ်ကို ကမ္ဘာ့အကောင်းဆုံးရေတပ် ဗိသုကာပညာနှင့် အင်ဂျင်နီယာစွမ်းရည်များ လွှဲပြောင်းပေးအပ်နိုင်ရန် ရည်မှန်းချက်ကို အလေးပေး ဖော်ပြနေခြင်းဖြစ်သည်။

မောင်းသူမဲ့ရေယာဉ်များကို ရေတပ်၏ အနာဂတ်တပ်ဖြန့်အသုံးပြုမှုများတွင် ပေါင်းစည်းနိုင်ရေးသည် Serco ကုမ္ပဏီ၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ကယ်လီဖိုးနီးယား၊ မစ္စစ္စပီနှင့် ဝါရှင်တန်ဒီစီမြို့တို့တွင် ထပ်လောင်းပံ့ပိုးမှုများဖြင့် ဗာဂျီးနီးယားပြည်နယ်၌ စီမံကိန်းလုပ်ငန်းများ အစီအစဉ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

Serco ကုမ္ပဏီသည် ယခင်က ရေတပ်သမုဒ္ဒရာပိုင်းဆိုင်ရာရုံးချုပ် (Naval Oceanographic Office) နှင့် Newport မြို့ရှိ ရေတပ်ရေအောက်စစ်ဆင်ရေးဌာနချုပ် (Naval Undersea Warfare Center) အပါအဝင် အခြားသော အမေရိကန် ရေတပ်စခန်းဌာနချုပ်များနှင့် ရေတပ်သုံးစနစ်များအတွက် ရောင်းချပံ့ပိုးပေးမှုများ ပြုလုပ်ခဲ့ဖူးသည်။

"အလိုအလျောက် လုပ်ဆောင်နိုင်တဲ့ မောင်းသူမဲ့ရေယာဉ်တွေနဲ့ အမေရိကန်ရေတပ်ကိုပံ့ပိုးပေးနေတဲ့ ကျွန်ုပ်တို့ရဲ့ လုပ်ဆောင်ချက်တွေအပေါ် ထပ်လောင်းဂုဏ်ယူမိပါတယ်။ ဒီမောင်းသူမဲ့ရေယာဉ်သစ်တွေဟာ အရေးကြီးတဲ့မစ်ရှင်တွေကို ထမ်းဆောင်ရင်း လုပ်ဆောင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားနိုင်မှာဖြစ်ပြီး အထူးသဖြင့် သင်္ဘောသားတွေရဲ့အသက်နဲ့ ဘေးကင်းရေးကို အများကြီးသက်သာသွားစေမှာဖြစ်ပါတယ်"ဟု Serco ကုမ္ပဏီ၏ CEO ဖြစ်သူ Tom Watson က ပြောကြားခဲ့သည်။

Serco ကုမ္ပဏီသည် ရေတပ်၏ အကြမ်းဖက်ဆန့်ကျင်ရေးအတွက် ကွပ်ကဲမှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ ထောက်လှမ်းရေး C4I စနစ်များကို ကြံ့ခိုင်ထိန်းသိမ်းရေးများ လုပ်ဆောင်ရန် စက်တင်ဘာလက အမေရိကန်ဒေါ်လာသန်း ၂၀၀ တန် စာချုပ်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**Serco to Develop Self-Driving System for US Navy Unmanned Surface Vessels ကို ဘာသာပြန်ဆိုထားပါသည်။**

## လေကြောင်းရန်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရန် ကန်ဒေါ်လာ ၅၇၂ သန်းတန်ဖိုးရှိ သဘောတူညီချက်ကို Rheinmetall ကုမ္ပဏီနှင့် ဩစတြီးယား လက်မှတ်ရေးထိုး



ဂျာမနီနိုင်ငံ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် Rheinmetall ကုမ္ပဏီသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ခေတ်မီအဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးနိုင်ရန် ဩစတြီးယားနိုင်ငံနှင့် အမေရိကန်ဒေါ်လာ ၅၇၂ သန်းတန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စီမံကိန်းအမည် မျိုးဆက်သစ် Skyguard (Skynex) အောက်တွင် ဩစတြီးယားနိုင်ငံသည် ၃၅ မီလီမီတာ လေယာဉ်ပစ်အမြောက် လေးလက်၊ လေပိုင်နက်စောင့်ကြည့်ထောက်လှမ်းမှုအတွက် အာရုံခံကိရိယာ တစ်ခုနှင့် ကွပ်ကဲကြီးကြပ်မှုဌာန တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသော နည်းဗျူဟာမြောက်စနစ် ခုနစ်စုံကို ဝယ်ယူသွားမည်ဖြစ်သည်။

Skynex ၏ လေယာဉ်ပစ်အမြောက်အခြေပြု လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များသည် တာတိုပစ်ဒုံးကျည်များကို အဓိကအသုံးပြုထားကာ တာတိုပစ်မှတ်များကို မီတာ ၄၀၀၀ (၁၃၁၂၃ ပေ) အကွာအဝေးထိ ပစ်ခတ်နိုင်ပြီး တစ်မိနစ်လျှင် အမြောက်ကျည် ၁၀၀၀ နှုန်းဖြင့် ပစ်ခတ်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ဩစတြီးယားနိုင်ငံ ပိုင်ဆိုင်ထားသော ၃၅ မမလေယာဉ်ပစ်အမြောက် ၂၈ လက်ကိုလည်း ထပ်ဆောင်းအဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ စာချုပ်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်ရန် စီစဉ်ထားသည်။

အဆင့်မြှင့်တင်မှုသည် ကွပ်ကဲကြီးကြပ်မှုစနစ်များ၊ လေယာဉ်ပစ်အမြောက်လက်နက်များနှင့် ခြေရာခံထိန်းကျောင်းရေး အာရုံခံကိရိယာများဖြင့် ပါဝင်ဖွဲ့စည်းထားသော ဩစတြီးယားနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးကွန်ရက်ဖြစ်သည့် Oerlikon Skyguard လက်နက်စနစ်ကို ခေတ်မီနည်းပညာများပေါင်းစပ်အသုံးပြု၍ အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုသဘောတူစာချုပ်သည် လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အားကောင်းစေရန် ဩစတြီးယားနိုင်ငံ၏ အဓိကခြေလှမ်းသစ်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အခြေစိုက် Rheinmetall Air Defence AG ၏ CEO Oliver Dürr က ပြောကြားခဲ့သည်။

ဩစတြီးယားရှိ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်မှုကို ကျွန်ုပ်တို့ အလွန်ကျေးဇူးတင်ပါသည်။ Skyguard Next Generation ကို ယုံကြည်အားကိုးသော ဩစတြီးယားစစ်ဘက်၏ ဆုံးဖြတ်ချက်သည် အဆင့်မြင့်နည်းပညာကိုလက်လှမ်းမီစေရန် ကြိုးပမ်းချက်တစ်ရပ်ဖြစ်ပြီး စနစ်အနေဖြင့် လေယာဉ်၊ တိုက်လေယာဉ်နှင့် တန်ပြန်ဒရုန်းစွမ်းရည်များအတွက် အပြည့်အဝယုံကြည်အားကိုးနိုင်ပါသည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ဩစတြီးယားနိုင်ငံ၏ Mission Forward စီမံကိန်းသည် ခေတ်မီသောစစ်ဘက် တည်ဆောက်နိုင်ရန်အတွက် အဆင့်မြင့်နည်းပညာသုံးခေတ်မီလက်နက်စနစ်များ တပ်ဆင်ပေးသွားနိုင်ရန် အာရုံစိုက်ထားသည်။ ဩစတြီးယားနိုင်ငံသည် Rheinmetall ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၅၇၄ သန်းတန်ဖိုးရှိ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးမော်တော်ယာဉ်များ ဝယ်ယူသွားနိုင်ရေးသဘောတူညီချက်ကို မေလက လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**Austria Signs $572M Air Defense Upgrade Deal With Rheinmetall ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟေမန္တ ခေါ် ဆောင်းဥတုတွင် ဥတုကြောင့်ဖြစ်တတ်သောရောဂါများ

ကြည်လွင်မြင့်(မုဒြာ)

ရှေးကလူကြီးများသည် ဥတုအလိုက် ဓာတ်စာစားခြင်းဖြင့် အသက်ရှည်ကြသည်။ ဒေသနာနယ ဆေးပညာဟုခေါ်သည့် ဗုဒ္ဓစာပေကျမ်းဂန်လာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးကို အခြေခံသည့် ဆေးပညာတွင်လည်း လူတို့ခန္ဓာကိုယ်သို့ ရောဂါရောက်ကြောင်းလေးပါးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟုဆိုထားခြင်းကြောင့် ဥတုကြောင့်ဖြစ်သော ရောဂါရှိနိုင်သည်။ ဥတုနှင့်သင့်လျော်သော အစားအသောက်၊ အနေအထိုင်၊ အပြုအမူကိုပြုရမည်။ မပြုလျှင် ရောဂါရမည်ဟု သိထားသင့်ပေသည်။

ဆောင်းဥတုသည် အေးသောချမ်းသော ရာသီဥတုဖြစ်သည်။ အေးသည်ဆိုခြင်းမှာ ခန္ဓာကိုယ်ပြင်ပအသားအရေတွင် အေးခြင်းဖြစ်သည်။ ချွေးမထွက်ရသဖြင့် ခန္ဓာကိုယ်တွင်းမှအပူတို့သည် အပြင်သို့မထွက်နိုင်၊ အတွင်းတွင် အပူအောင်း အပူငုပ်နေသည်။ ထိုအောင်းနေသောအပူကို အပြင်သို့ထွက်စေရန်၊ ပွင့်စေရန် တစ်နည်းအားဖြင့် အခိုးပွင့်စေရန် ဓာတ်စာများကို စားရမည်ဟု ရှေးက ဓာတ်စာဖြင့်ကုသည့် သမားတော်ကြီးများက အမိန့်ရှိခဲ့ကြသည်။ အချို့ဆေးဆရာ သမားတော်ကြီးများကလည်း ဝမ်းတွင်းမှာ အပူအကျဉ်းကျနေသည်ဟုယူဆပြီး အပူကိုအေးအောင် ဆေးဝါး သို့မဟုတ် ဓာတ်စာပေးပြီးလျှင် အောက်သို့သက်စေသော ဝမ်းမှန်၊ လေသက်၊ ဆီးသက်စေသောအစာကို ပေးရမည်ဟုဆိုသည်။

**ဆောင်းဥတုတွင်စားသင့်သောအစားအစာများ**

၁။ အတွင်းမှာ ငုပ်နေသောအပူကို အေးစေရမည်။
၂။ အခိုးအာကာသပွင့်စေသောအစာဖြစ်ရမည်။
၃။ ဆီး၊ ဝမ်း၊ လေသက်စေသော အစာမျိုးဖြစ်ရမည်။

ထိုကဲ့သို့ အစားအစာမျိုးကို ရွေးချယ်စားသုံးသောသူသည် ရောဂါဘယကင်းဝေး၍ ကျန်းမာသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ကာ မိမိအကျိုး၊ မိသားစုအကျိုး၊ လူအများအကျိုး၊ တိုင်းပြည်အကျိုးထိ သယ်ပိုးနိုင်လိမ့်မည်ဖြစ်သည်။ "အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဘုရားဟောရှိသည်နှင့်အညီ ဖြစ်ပေလိမ့်မည်။

လူတို့ စားသောက်သော အစားအစာများစွာရှိသည်။ ထိုအစားအစာများကို အရသာအားဖြင့် ခွဲခြားရလျှင် ရသာခြောက်ပါး၊ အရသာခြောက်မျိုးရှိသည်ကို တွေ့ရသည်။ ထိုအရသာများမှာ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အခါး၊ အဖန်အရသာတို့ဖြစ်သည်။ အစားအသောက် စားသောက်ရာတွင် ရသာခြောက်ပါး စုံအောင်စားရမည်ဟု ဆိုသည်။ သို့သော် ဥတုအလိုက် ပို၍စားသင့်သောအရသာလည်းရှိသည်။ ကျန်းမာရေးရှုထောင့်မှ ဆောင်းဥတုတွင် ပို၍စားရမည့် အရသာမှာ အချဉ်အရသာ ဖြစ်သည်။

အချဉ်အရသာသည် စားလိုက်သည်နှင့် လျှာပေါ်တွင် အပွင့်ဓာတ် အရသာပေါ်စေပြီး ဆက်ပြီးစားချင်သောက်ချင်စိတ် ဖြစ်ပေါ်စေသည်။ ခံတွင်းမကောင်းသူသည် ထမင်းပွဲတွင် ထမင်းမစားမီ ချဉ်ရည်ဟင်းကလေးကို အလျင်သောက်လိုက်ပါက ထမင်းစားချင်စိတ် ချက်ချင်းဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ အချဉ်၏သတ္တိသည် အပွင့်သတ္တိဖြစ်သည်။

**ဆောင်းဥတုတွင်သင့်လျော်သောဓာတ်စာများ**

၁။ မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ မုန်ညင်းရွက် ချဉ်ရည်ဟင်း။
၂။ ရှောက်သီးသုပ်၊ မုန်လာချဉ်သုပ်၊ ခံတက်ချဉ်သုပ်၊ နှမ်းဖတ်ချဉ်သုပ်။
၃။ ဒန့်သလွန်သီး၊ ခရမ်းသီး၊ ကုလားပဲ၊ အာလူး မန်ကျည်းမှည့်အရည်နှင့် ချက်သည့်ပဲကုလားဟင်း။
၄။ ငါးရှူ၊ ငါးကြင်း၊ ငါးဖယ်အသားခြစ်၊ နှမ်းဆီနှင့်ကြော်၍ မန်ကျည်းမှည့်အရည်နှင့်ပြန်ချက်သောဟင်း။
၅။ ငါးပြေမ၊ ငါးရံ့ပေါက်၊ ငါးနုသန်း၊ စောင်းလျားသီး၊ ဆီးဖြူသီးတို့နှင့် ရောချက်သောဟင်းတို့ဖြစ်သည်။

**ဆောင်းဥတုနှင့်သင့်တော်သောဆီ**

လူတို့အသုံးပြုကြသော ဆီအမျိုးမျိုးရှိသည်။ ဆီသည် အသီးအနှံတို့၏ အစေ့အဆန်မှကြိတ်၍ရသော အဆီနှင့်တိရစ္ဆာန်မှထွက်သော အဆီဟူ၍ နှစ်မျိုးရှိသည်။ ထိုဆီနှစ်မျိုးလုံး စားသုံး၍ရသည်မှန်သော်လည်း ကျန်းမာရေးရှုထောင့်မှကြည့်လျှင် တိရစ္ဆာန်မှထွက်သော အဆီများသည် စားသုံးရန်မသင့်သည်ကို တွေ့ရသည်။ အထူးသဖြင့် ဝက်ဆီ၊ အမဲဆီများစားသုံးမှုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့်အဆီပိတ်ရောဂါများဖြစ်ကြရသည်။

❖ ဆောင်းဥတုသည် ပြင်ပတွင်အေးသဖြင့် ချွေးမထွက်၊ ကိုယ်တွင်းတွင် အပူအောင်း အပူငုပ်သော ရာသီဖြစ်သည်။ အပူငုပ်သောသူသည် ဆီစားများလျှင် အပူအထက်ကန်၊ လည်ချောင်းယားပြီး ချောင်းဆိုးရောဂါ ရလာတတ်သည်။ ဝက်ဆီ၊ အမဲဆီများသည် အေးလျှင်ခဲသော အဆီမျိုးဖြစ်သဖြင့် ဆောင်းဥတုနှင့်မသင့်ပေ။ လည်ချောင်းယားရာမှ ချောင်းဆိုးကြသောအခါ လေပြွန်ရောင်၊ အာသီးရောင်ရောဂါများ ဖြစ်လာနိုင်သည်။ အအေးပတ်သောရောဂါရှိသူ၊ ရေချိုးလျှင် အအေးပတ်လွယ်သောသူ၊ အဆုတ်အားမကောင်းသူ၊ အဆုတ်ရောင်ရောဂါဖြစ်ဖူးသူများသည် ဆောင်းဥတု၌အသုံးများသော မြေပဲဆီနှင့်နှမ်းဆီ နှစ်မျိုးတွင် နှမ်းဆီကိုသာ ရွေးချယ်စားသုံးသင့်သည်။ ❖

အသီးအနှံများ၏ အစေ့အဆန်မှကြိတ်၍ရသော ဆီများမှာ လူတို့စားသုံးရန် သင့်လျော်သည်။ အနယ်နယ်အရပ်ရပ်တွင် အစားအများဆုံးဆီမှာ မြေပဲဆီနှင့်နှမ်းဆီတို့ဖြစ်သည်။ အခြားစားသုံးနိုင်သော ဆီအမျိုးအစားများစွာရှိသေးသည်။ ဆီများမှာ မုန်ညင်းဆီ၊ အုန်းဆီ၊ ဆူးပန်းစေ့ဆီ၊ ကြက်ဆူဆီ၊ မည်စည်ဆီ၊ ကလိမ်ဆီ၊ ရှမ်းနှမ်းဆီ၊ ပဲပိစပ်ဆီ၊ ဟင်းရွက်ဆီ၊ နေကြာဆီ၊ အောင်မဲဖြူစေ့ဆီ၊ အောင်မဲညိုစေ့ဆီ၊ သင်းဝင်ဆီ၊ လွန်ဆီ၊ သံလွင်ဆီ၊ တမာဆီ၊ လက်ခုပ်ဆီနှင့် လျှော်ဆီ စသည်ဖြင့် ဆီမျိုးများစွာတွေ့ရသည်။

ဆောင်းဥတုသည် ပြင်ပတွင်အေးသဖြင့် ချွေးမထွက်၊ ကိုယ်တွင်းတွင် အပူအောင်း အပူငုပ်သော ရာသီဖြစ်သည်။ အပူငုပ်သောသူသည် ဆီစားများလျှင် အပူအထက်ကန်၊ လည်ချောင်းယားပြီး ချောင်းဆိုးရောဂါ ရလာတတ်သည်။ ဝက်ဆီ၊ အမဲဆီများသည် အေးလျှင်ခဲသောအဆီမျိုးဖြစ်သဖြင့် ဆောင်းဥတုနှင့်မသင့်ပေ။ လည်ချောင်းယားရာမှ ချောင်းဆိုးကြသောအခါ လေပြွန်ရောင်၊ အာသီးရောင်ရောဂါများ ဖြစ်လာနိုင်သည်။

အအေးပတ်သော ရောဂါရှိသူ၊ ရေချိုးလျှင် အအေးပတ်လွယ်သောသူ၊ အဆုတ်အားမကောင်းသူ၊ အဆုတ်ရောင်ရောဂါ ဖြစ်ဖူးသူများသည် ဆောင်းဥတု၌ အသုံးများသော မြေပဲဆီနှင့်နှမ်းဆီ နှစ်မျိုးတွင် နှမ်းဆီကိုသာ ရွေးချယ်စားသုံးသင့်သည်။ အုန်းဆီနှင့်စားအုန်းဆီကို လုံးဝရှောင်ကြဉ်သင့်သည်။

နှမ်းဆီကိုရွေးချယ်ရသည့်အကြောင်းမှာ နှမ်းဆီသည်ပူ၍ နွေးထွေးစေသော သတ္တိရှိသည်။ အခြားဆီများကဲ့သို့ ကိုယ်တွင်းတွင် ခဲမသွားနိုင်ပေ။ အစားမှားလျှင် အေးသောအစာကိုပင် နွေးသောအစာဖြစ်စေပြီး ကြေကျက်သွားစေနိုင်သော သတ္တိရှိသည်။ ဥပမာ-ကောက်ညှင်းပေါင်းသည် ကြေခဲသောအစာ၊ အေးစက်မာကျောသော အစာမျိုးဖြစ်သည်။ သို့သော် နှမ်းဆီဆမ်းစားလျှင် အစာမကြေခြင်းမှ ကာကွယ်နိုင်သည်။

ကုန်းဘောင်ခေတ်၏ အစောဆုံးသိပ္ပံပညာရှင်ဟု ဆိုကြသော ယောမြို့စား အတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် နှမ်းဆီသည် ဆိမ့်၏၊ စဉ်းငယ်ဖန်၏၊ ခါး၏၊ ကြေခဲ၏၊ ဝမ်းမီးချက်၍ ကျက်လျှင်ဆိမ့်၏၊ ပူ၏၊ လိမ်းလျှင် အေး၏၊ ကိုယ်ခိုင်ခံ့စေတတ်၏၊ အင်အားကြီးစေတတ်၏၊ အဆင်းကိုလှစေတတ်၏၊ အသံကို ကောင်းစေတတ်၏၊ သုက်ကိုပွားစေတတ်၏၊ ပိန်သောသူကို ဝစေတတ်၏၊ ဝသောသူကို ပိန်စေတတ်၏၊ လေသလိပ်ကို နိုင်၏၊ အကြောကို လျော့စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးများစွာသွားသော အနာကို နိုင်၏၊ နားအင်္ဂါဇာတ်၊ ဦးခေါင်းကိုက်ခြင်းတို့ကို နိုင်၏၊ ယားနာ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏ စသည်ဖြင့် ချီးမွမ်းရေးသားထားသည်ကို တွေ့ရှိရကြောင်း တင်ပြလိုက်ရပေသည်။

**အအေးမိကာကွယ်ဆေး**

အေးသောရာသီဖြစ်သည့် ဆောင်းဥတုနှင့်မိုးဥတုတွင် အအေးပတ်၍ဖြစ်သော အဖျားရောဂါ ဖြစ်လေ့ရှိကြသည်။ နွေဥတုမှာကား ချွေးထွက်လွန်ပြီး ချွေးငုပ်သွားသောအခါ အပူငုပ်ဖျားရောဂါဖြစ်လေ့ရှိသည်။ ထိုအဖျားရောဂါများအတွက် သင့်တော်သော ဆေးမှာ အခိုးပွင့်ဆေး သို့မဟုတ် အအေးပတ်၊ အအေးမိကာကွယ်ဆေးပင်ဖြစ်သည်။

ကိုယ်တွင်း သက်စောင့်အပူဓာတ်ကို ဥပမာ-တေဇောဓာတ်ဟုခေါ်သည်။ ထိုဓာတ်အပူမီးမှာ အနောက်တိုင်းဆေးဆရာများ၏ အတိုင်းအတာဖြင့်ပြောရလျှင် ၉၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (ဖြဒ်ါး) နှင့်ညီမျှပေသည်။ ထိုထက်ပိုမြင့်သော အပူဓာတ် ကိုယ်တွင်း၌ဖြစ်ပွားလာခဲ့ပါက ဥပမာ- ၁၀၀ ဒီဂရီစင်တီဂရိတ် (ဖြဒ်ါး)ရှိခဲ့လျှင် အအေးပတ်သည်။ အဖျားဝင်နေပြီဟု ပြောလေ့ရှိကြသည်။ အအေးပတ်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်အပြင်ဘက်မှအရေပြားပေါ်ရှိအအေးဓာတ်သည် လိုသည်ထက်ပိုအေးသွားသောအခါ အခိုးထွက်နေသည့် မွေးညင်းပေါက်ကလေးများ ကျုံ့၍ပိတ်သွားပြီး အခိုးမထွက်နိုင်ဖြစ်ရခြင်းဖြစ်သည်။ ထိုအခါ ကိုယ်တွင်း၌ အပူဓာတ်များလာသည်။ ရေနွေးတည်သောအခါ အငွေ့ထွက်ပေါက်မပေးလျှင် အတွင်းမှရေနွေးများ ပွက်၍ဆူကာ တွန်းကန်သကဲ့သို့ အထက်သို့ကန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း ဝေဒနာများသည် ကိုယ်အပူချိန်တက်သည်နှင့်အတူ ပူးတွဲ၍ဖြစ်လာရလေသည်။

အအေးပတ်ခြင်းကို လေ့လာကြည့်သောအခါ ခရီးဝေးမှ လမ်းလျှောက်ပြီး ပြန်လာသူတစ်ဦးသည် အိမ်ရောက်သောအခါ အနားမယူမီ ရေမိုးချိုးလိုက်သည်။ ထိုသူသည် ဘာမှမဖြစ်ပါ။ အခြားသူတစ်ဦးမှာ ခရီးဝေးမှ ကားစီးပြီးပြန်လာသည်။ လမ်းတွင်ကားပြတင်းပေါက်မှ လေတိုးသဖြင့် အအေးပတ်ခဲ့သည်။ အိမ်ရောက်သောအခါ ကိုယ်လက်သန့်စင်ရင်း ရေချိုးလိုက်မိသည်။ ထိုသူသည် အအေးပတ်ပြီး ဖျားတော့သည်။

ကလေးငယ်နှစ်ဦးသည် ကျောင်းမှအပြန်တွင် တစ်ဦးသည် ဘောလုံးကွင်း၌ ဘောလုံးကန်ကစားသည်။ ထိုကလေးသည် အိမ်ရောက်သောအခါ ရေချိုးသည်။ မဖျားပေ။ နောက်ကလေးတစ်ဦးမှာ ကျောင်းမှအိမ်သို့ တန်းပြန်လာပြီး ဗိုက်ဆာသဖြင့် ထမင်းစားသည်။ ပြီးနောက် ရေချိုးသည်။ ထိုကလေးမှာ အအေးပတ်ပြီး ဖျားတော့သည်။ အစာမကြေ အော့အန်ခြင်းလည်းဖြစ်တော့သည်။ ထို့ကြောင့် ဆောင်းဥတု၊ မိုးဥတုတွင် အအေးပတ်ဖျားသူများမှာ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အအေးပတ်ခြင်း၊ အစာမကြေခြင်းတို့နှင့် သက်ဆိုင်ပေသည်။

**အအေးမိကာကွယ်ဆေးနည်း**

| | | |
|---|---|---|
| ၁။ | လေးညှင်းပွင့် | တစ်ကျပ်သား |
| ၂။ | ငရုတ်ကောင်း | တစ်ကျပ်သား |
| ၃။ | ပိတ်ချင်း | တစ်ကျပ်သား |
| ၄။ | ချင်းခြောက် | တစ်ကျပ်သား |
| ၅။ | ဇာတိပ္ဖိုလ်သီး | တစ်ကျပ်သား |
| ၆။ | ကန့်ချုပ်နီ | နှစ်ကျပ်သား |
| ၇။ | ဆေးပုလဲ | နှစ်ကျပ်သား |
| ၈။ | စမုန်မျိုးငါးပါး(တစ်မျိုးစီ) | ငါးမူးသား |
| ၉။ | ကြစုသီး | တစ်ကျပ်သား |
| ၁၀။ | ပရုတ် | ငါးမူးသား |

(စုစုပေါင်းဆေးချိန် ၁၁ ကျပ်သား)

ဤဆေးကိုအမှုန့်ထောင်းပြီး ပရုတ်ငွေ့မပြန်စေရန် လေလုံသောဖန်ပုလင်းတွင်ထည့်ထားပါ။ အစာမကြေခြင်း၊ ရေချိုးမှားခြင်း၊ အအေးမိခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်းတို့အတွက် ရေနွေးပူပူဖြင့်သောက်ပါ။ ဆေးချိန် နှစ်ပဲသားမှလေးပဲသားထိ အသက်အရွယ်နှင့်ချင့်ချိန်၍ တိုက်နိုင်သည်။ အေးသောဥတုတွင် အိမ်တိုင်းဆောင်ထားသင့်သော အိမ်သုံးဆေးနည်းဖြစ်သည်။

ဆောင်းဥတုတွင် ကျန်းမာစွာ နေထိုင်နည်းများအဖြစ် အစားအစာ၊ သင့်တော်သောဆီ၊ သင့်တော်သော အအေးမိကာကွယ်ဆေးများကို ရေးသားတင်ပြခဲ့ရာတွင် သက်ကြီးရွယ်အိုများအတွက် ရေချိုးသင့်သောအချိန်ကိုပါ တင်ပြလိုသည်။ အလွန်အေးသောရာသီတွင် လူကြီးများ နေ့စဉ်ရေမချိုးသည့်တိုင် သုံးရက်လျှင်တစ်ကြိမ် ရေချိုးပေးသင့်သည်။ ရေနွေးစပ်ပြီး ရေဖတ်တိုက်ပေးခြင်းလည်း ပြုနိုင်သည်။

**လူကြီးများဆောင်းဥတုတွင်ရေချိုးရမည့်အချိန်**

ကျန်းမာရေးအတွက် သင့်တော်သောအချိန်ကို ညွှန်ပြသည့် ရေချိုးလဂ်္ဂအရ နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းဆယ့်တစ် ဖြစ်သည်။ နွေဥတုတွင် နေထန်းတစ်ဖျားဟုဆိုသည့် နံနက် ၉ နာရီ၊ မိုးဥတုတွင် နေထန်းတစ်ဖျားကျော် နံနက် ၁၀ နာရီ၊ ဆောင်းဥတု နေမွန်းတည့်လုနီး နံနက် ၁၁ နာရီသည် သက်ကြီးရွယ်အိုများအတွက် ရေချိုးပေးရန် သို့မဟုတ် ရေဖတ်တိုက်ပေးရန် သင့်တော်သောအချိန်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# Mister Friendship International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမောင် ကောင်းစစ်က Title Award ဆုလေးဆုဆွတ်ခူးရရှိ




**ရန်ကုန် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံ ခွန်ကန်မြို့တွင် ကျင်းပခဲ့သည့် Mister Friendship International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမောင် ကောင်းစစ်က Title Award ဆု လေးဆု ဆွတ်ခူးရရှိခဲ့ကြောင်း ၎င်းကပြောပြ၍ သိရသည်။

Mister Friendship International 2023 ပြိုင်ပွဲကို ထိုင်းနိုင်ငံ ခွန်ကန်မြို့တွင် ဒီဇင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမောင် ကောင်းစစ်သည် Top 10 Finalist အဆင့်ထိ ဝင်ရောက်ခဲ့ကာ Mister Phu Pha Man Winner ဆု၊ Mister Chart Influencer Award ဆု၊ Mister Popular by The Well'z Fitness Award ဆု၊ Best In Talent Award Title ဆုများကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော် Mister Friendship International 2023 ပြိုင်ပွဲမှာ Top 10 Finalist အဆင့်ထိ ပါဝင်ခဲ့ပြီးတော့ Top 5 Finalist အဆင့်ထိမပါဝင်ခဲ့လို့ စိတ်မကောင်းဖြစ်မိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ Title ဆုတွေကိုတော့ ရအောင်ယူခဲ့ပါတယ်။ ဒီထိနဲ့ပဲ စိတ်ကျေနပ်ခဲ့ရပါတယ်။ ပြိုင်ပွဲစကတည်းက အားပေးခဲ့ကြတဲ့ ပရိသတ် တစ်ယောက်ချင်းကိုလဲ ကျေးဇူးတင်ပါတယ်"ဟု အလှမောင် ကောင်းစစ်က ပြောပြသည်။

မြန်မာနိုင်ငံကိုယ်စားပြုအလှမောင် ကောင်းစစ်သည် Mister Friendship International 2023 ပြိုင်ပွဲကို ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန် စသည့်နိုင်ငံတကာအလှမောင်များနှင့်အတူ ပြိုင်ပွဲဝင်လျက်ရှိပြီး Mister Friendship International 2023 ပြိုင်ပွဲ၏ Culture Show တွင် မြန်မာ့ရှပ်သေး အကဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ ASH

# Wolf Man ဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၁၅**

Wolf Man ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ရုံတင်ပြသရန် Blumhouse ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Wolf Man ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း Blumhouse အကြီးအကဲ ဂျေဆင့်ဘလမ်းက အတည်ပြုကြေညာထားကြောင်း သိရသည်။

Wolf Man ဇာတ်ကားကို ဒါရိုက်တာလီဝင်နဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသား ခရစ္စတိုဖာအက်ဘော့က အဓိကဇာတ်ကောင် Wolf Man အဖြစ် ပါဝင်မည်ဖြစ်သည်။


မူလ Wolf Man နေရာတွင် မင်းသား ရိုင်ယန်ဂိုးစလင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သော်လည်း နောက်ပိုင်းတွင် နုတ်ထွက်ခဲ့ရာ မင်းသား ခရစ္စတိုဖာအက်ဘော့ အစားထိုး ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

Wolf Man ဇာတ်ကားသည် လပြည့်ညများတွင် ဝံပုလွေအဖြစ် ပြောင်းလဲသွားတတ်သော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# အချစ် သို့မဟုတ် အမုန်း ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၈ ရက်မှစတင်ကာ Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၁၅**

အချစ် သို့မဟုတ် အမုန်း ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၈ ရက်မှစတင်ကာ Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မေသူထွန်းက ပြောပြ၍ သိရသည်။

အချစ် သို့မဟုတ် အမုန်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သရုပ်ဆောင် မေသူထွန်းက ရေးသားထားကာ ဒါရိုက်တာ မင်းစနေက ရိုက်ကူးထားသည့် သုံးပွင့်ဆိုင်လူငယ်အချစ်ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"နေမင်းရောင်၊ မိုးသားဖြူနဲ့ အာကာ လူငယ်သုံးယောက်ကြားက ပေါ်ထွက်လာမဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတွဲလေးပါ။ ထူးခြားတာကတော့ အဲဒီသုံးပွင့်ဆိုင်အချစ်ကနေ ပေါ်ထွက်လာမဲ့ အမုန်းတရားနဲ့ ကံကြမ္မာအလှည့်အပြောင်းလေးကို စောင့်ကြည့်ကြစေချင်ပါတယ်"ဟု သရုပ်ဆောင် မေသူထွန်းက ပြောပြသည်။

အချစ် သို့မဟုတ် အမုန်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဇော်ရှိုင်းထက်၊ ဇေယံနွေ၊ မေသူထွန်း၊ အေးမြရိပ်နိုင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၁၈ ရက်မှစတင်ကာ တနင်္လာနေ့နှင့် အင်္ဂါနေ့တိုင်း ည ၉ နာရီ၊ ညနေ ၄ နာရီတို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Two For The Money ဇာတ်ကား၌ ဒန်နီယယ်ခရိတ်နှင့် ချားလစ်သီရွန်တို့ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၅**

Two For The Money အမည်ရှိ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဒန်နီယယ်ခရိတ်နှင့် မင်းသမီး ချားလစ်သီရွန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဖောက်ထွင်းမှုကြီးသုံးခုကို အတူပြုလုပ်မည့်သူခိုးနှစ်ဦးကြား ဆက်ဆံရေးတစ်ရပ် ပေါ်ထွက်လာပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Two For The Money ဇာတ်ကားတွင် အဓိကဇာတ်ကောင် သူခိုးနှစ်ဦးအဖြစ် မင်းသား ဒန်နီယယ်ခရိတ်နှင့် မင်းသမီး ချားလစ်သီရွန်တို့က သရုပ်ဆောင်မည်ဖြစ်ပြီး Two For The Money ဇာတ်ကားကို ဒါရိုက်တာ ဂျပ်စတင်လင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ် ထုတ်လုပ်ဖြန့်ချိခွင့်ကို Apple Original ရုပ်ရှင်ကုမ္ပဏီက ရရှိထားသည်။

လက်ရှိအချိန်တွင် Two For The Money ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Apple Original က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ကျိုင်းတုံမြို့နယ်တွင် ရှမ်းတိုင်းရင်းသားရိုးရာအစားအစာပြသရောင်းချပွဲ ကျင်းပသွားမည်

**ကျိုင်းတုံ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ရှမ်းတိုင်းရင်းသား ရိုးရာအစားအစာပြသရောင်းချပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်ရန်နှင့် ရှမ်းတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ ရိုးရာအစားအစာများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရရှိစေရန်အတွက် တိုင်းရင်းသား ရိုးရာအစားအစာပြသရောင်းချပွဲကို ကျိုင်းတုံမြို့နယ် အမှတ် (၁) ရပ်ကွက်၊ အမေ့ရင်ခွင်ကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျိုင်းတုံမြို့က ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရဲ့ အထင်ကရမြို့ဖြစ်ပါတယ်။ ကျိုင်းတုံမှာ ကျွန်တော်တို့က ပွဲနှစ်ပွဲလုပ်ဖို့ရှိတယ်။ ချယ်ရီပန်းပွဲတော်ရယ်၊ နောက်တစ်ခုက ရှမ်းတိုင်းရင်းသားရိုးရာအစားအစာရောင်းချပွဲရယ်ပါ။ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကတော့ ဒီဇင်ဘာ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက် သုံးရက်လုပ်ပါမယ်။ အဲဒါကတော့ အဲဒီဒေသမှာ မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစု ၁၃ စုကနေ သူတို့ရဲ့ရိုးရာအစားအစာ ၈၈ မျိုးလောက်ကို သုံးရက်ရောင်းချသွားမှာပါ"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြသည်။

အဆိုပါရှမ်းတိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချပွဲတွင် ရှမ်းကြီး၊ တိုင်းလိ၊ ဂုံရှမ်း၊ တိုင်းနေ၊ ဗမာ၊ ပလောင်၊ တိုင်းလွယ်၊ အာခါ၊ အားခေ၊ လီဆူ၊ လားဟူ၊ 'ဝ' အဲန် တိုင်းရင်းသားတို့၏ ရိုးရာအစားအစာ ၈၈ မျိုး ပြသရောင်းချသွားမည်ဖြစ်ကာ ပွဲတော်လာပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်ကြသူများကို တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of Financial Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at Financial Commission Meeting (2/2023)



Senior General Min Aung Hlaing addresses Financial Commission meeting 2/2023.

**Nay Pyi Taw December 15**

Financial Commission Meeting (2/2023) was held at the meeting hall of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon and Chairman of the Financial Commission Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the meeting.

Also present at the meeting were Vice Chairman of the Financial Commission Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, Secretary of the commission Union Minister for Planning and Finance U Win Shein, Union Minister for Legal Affairs Dr Thida Oo, Union Auditor General Dr Khin Naing Oo and Deputy Minister U Maung Maung Win and the chairman of the Nay Pyi Taw Council and chief ministers of regions and states participated in the meeting via video conferencing.

First, the Senior General delivered an address, saying additional budgets of the Union and regions and states for 2023-2024 fiscal year will be approved by the Financial Commission at meeting (2/2023) by the commission. After the additional budgets have been approved, the union government will submit the bill for the additional budgets to the SAC for its approval.

It should be aware that there are only four months left as the additional budgets can be spent only after the bill has been approved by the SAC. Union ministries and region and state governments are required to scrutinize the additional budget proposals thoroughly to prevent seeking excessive amounts and returning parts of them because they cannot be spent fully.

Moreover, additional budgets in foreign currencies must be proposed only for spending that must be paid in foreign currencies in the fiscal year and items that cannot be purchased locally.

As state economic promotion funds have been allocated for respective ministries and regions and states, the funds must be beneficially and effectively. Region and state governments are urged to emphasize development of production in order to increase incomes in respective regions and states. In implementing policies adopted by the government, it is necessary to boost the production of the agriculture and livestock breeding sector and to promote creation of job opportunities to increase the incomes of local residents. Region and state governments are urged to find ways and means to generate their own revenues without relying only on budgets allocated by the Union.

Moreover, the government has allocated budgets not only for the agriculture and livestock breeding sector but also for the health, transportation, electricity and energy and other sectors for the security of food, water and basic needs and socioeconomic development. Union ministries and region and state governments are required to spend the budgets beneficially and effectively. Therefore, the Committee for Prior-Scrutiny of Union and Region or State Budget Proposals has now been formed and scrutinizing measures are being taken in order to spend budget allocations properly.

Union Ministries and Region and state governments need to use the supplemental funds approved by the State for regional development activities that meet the needs of the respective regions and people and activities that will facilitate the economic development of the country. In addition, it is necessary to ensure that the projects to be implemented are of high quality, complete them on time within the specified period and make sure that there is no wastage of expenses.

The Vice Chairman of the Financial Commission Deputy Prime Minister said in verifying the supplemental appropriation requests of union level departments and organizations and regions/states for the 2023-2024 fiscal year in accordance with the Constitution, the expenses that are necessary due to the difference in foreign exchange rates mainly in the ordinary expenses section, additional income tax, commercial tax and revenues to be paid to the State, and salaries, rewards, travel expenses that are required to be paid additionally without fail were scrutinized and approved.

In order to support the welfare of the employees who are not included in the original allowance but are performing the duties of the State, additional grant expenditure authorized from October 2023, rehabilitation expenses and other necessary expenses for damages caused by Cyclone Mocha, and expenses for the construction of 34 single-story RCC buildings in 34 industrial, agricultural and livestock high schools for 2024-2025 academic year were approved. The Union has also approved subsidies and tax shares for the deficits of the regions and states. For the 2023-2024 FY, the supplemental budget ill and the Union's additional budget allocation bill should be submitted for approval by the Financial Commission, he said.

Next, Commission Secretary Union Minister U Win Shein explained the supplemental budget, estimated budget and supplemental expenditure bills of the Union.

Then, Union Minister for Legal Affairs Dr Thida Oo explained matters related to those bills and Union Auditor General Dr Khin Naing Oo findings of the budget accounts of the union level organizations, ministries and regions and states and points to be considered in future.

Then, the Nay Pyi Taw Council chairman and region and state chief ministers reported on their respective sectors.

Later, the Senior General said that in the use of funds, it is necessary to use what is really needed in accordance with the procedures. The excess funds of the State can be used for the development of the country. As such, only activities that can actually be implemented need to be carried out. Those responsible officials need to review the activities that cannot be implemented except those that cannot be implemented due to natural disasters and other acceptable difficulties.

It is necessary to implement all the tasks that can be carried out with local currency in carrying out tasks for development of the country with the reserve funds allotted due to various reasons. It can be implemented in the rural development sector, education development sector, health sector and transportation sector. It is necessary to spend the funds in the areas, where it is beneficial, in accordance with the law, rules and regulations. Regions and states are to successfully carry out the tasks within the mandates given by law. Union-level ministries and chief ministers of states and regions are to spend the budget beneficially in the tasks for development of the country.

Afterwards, the Prime Minister gave concluding remarks saying that union-level departments, organizations and governments of regions and states are to look forward to the interests of the nation in implementing their planned tasks for the fiscal year of 2023-2024.

Governmental departments and organizations are urged to collectively work together to ensure improvement of socio-economic life of the people, more development of modern techniques in the manufacturing industry based on agriculture and livestock, long-term promise for MSME businesses and job opportunities.

As the foreign exchange is spent on the importation of edible oil, it will be seen that the State Administration Council is implementing the No. C point of its economic objectives which is "to spur the cultivation of oil crops to meet targeted production levels, thereby achieving self-sufficiency in local oil supply and striving towards both local adequacy and overseas export of surplus oil crops" with the aim to improve the production of edible oil for adequate domestic consumption and reduce the spending of foreign exchange.

Similarly, the Foreign Exchange Supervisory Committee scrutinizes and supervises the importation of fuel from abroad. As for the government sector, it is necessary to spend foreign exchange under special scrutiny.

Due to the efforts made to ensure recovery of the state's economy affected by natural disasters such as Cyclone Mocha and COVID-19 pandemic, it is seen now that manufacturing businesses, commodity trading activities and services have been on the path to recovery. Therefore, union ministries and governments of regions and states are urged to make efforts and work together for development of the nation's economy.

All are urged to effectively and efficiently spend the allocated budget by the State including the supplementary funds granted now without any waste, make efforts to achieve the targeted revenue, meet the budget targets at the nearest by the end of the 2023-2024 fiscal year, and complete the projects timely.

100

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends commissioning of aircraft in commemoration of 76th Anniversary of the establishment of Tatmadaw (Air)



Senior General Min Aung Hlaing speaks at the aircraft commissioning ceremony.

**Nay Pyi Taw December 15**

The commissioning of the aircraft in commemoration of the 76th Anniversary of the establishment of Tatmadaw (Air) of the Republic of Union of Myanmar was held at Nay Pyi Taw Air Force Base this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present were Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife Daw Than Than Nwe, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, union level officials and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, air base commanders, officers and other ranks of Tatmadaw (Air) and officials.

In his speech, the Senior General said the commissioning of military aircraft was held for 13 times in the past, and at the 14th ceremony, two Su-30 SME fighter jets, post-fourteenth generation air-superiority fighters, would be transferred to the Tatmadaw (Air). The provision of new aircraft helps promote the morale of all Air Force personnel and enhance the combat prowess of Tatmadaw.

A study of the modern warfare of the current age shows the vital importance of air and space dominance to win a war. Air superiority is applied to control and overrun the enemy and the air dominance and advantage become the main forces to boost morale and fighting ability of the troops. Air force officers and other ranks must always undergo training to enhance the airpower of Tatmadaw (Air).

As military tactics, air superiority, technological superiority, precision and advancement of weaponry are the main decisive factors to win a war, Tatmadaw (Air) needs serious ongoing training programs to skillfully apply the military tactics and military equipment that are changing and advancing alongside technological advancement. Production of human resources is of vital importance in building a compact and skilled modern air force. Pilots need to undergo constant training to become weaponologists skillful in flying. Air force officers and other ranks serving in aviation fields including mechanical, air control, radar, and meteorology sectors must try to be skilled in military tactics and strategies that are developing in harmony with technology through learning, **training and compliance programs.**



Senior General Min Aung Hlaing checks the newly commissioned aircraft.



Senior General Min Aung Hlaing at the aircraft commissioning ceremony.

Throughout the successive periods all along the course of history, Tatmadaw (Air) was dutiful in ensuring airspace superiority and serving air defence duties well, in addition to combating internal insurgency. It had also brilliantly taken part in fighting back external intrusion, and anti-internal insurgency and counternarcotic operations, in cooperation with Tatmadaw (Army), Tatmadaw (Navy), and the people.

As the NLD tried to grab State power unjustly in the 2020 election through vote rigging and legal offenses, Tatmadaw had to assume the duties of the State in accord with the 2008 Constitution in an unavoidable situation. The acts of illegal terrorist groups, NUG, CRPH and PDF, meet the internationally recognized types of terrorism.

Hence, the Tatmadaw is launching a just war against armed insurgents and PDF terrorists to ensure regional peace and stability and a peaceful social life for the people, and the Tatmadaw (Air) is also taking part in the operations in cooperation with the army, navy and corps by effectively using the airpower.

Servicemen from the Tatmadaw (Air) deployed aircraft and helicopters at full capacity in the military operations for clashes in North-East Command and other military command areas in October and sacrificed their lives for achieving success in fighting. Hence, the Senior General honoured them and urged all servicemen to preserve such fine traditions as good legacy.

It can be seen that the Tatmadaw (Air) has been dutifully serving the duties in State defence measures in addition to rescue and relief measures in the natural disasters and humanitarian assistance during the 76 years period. Hence, the Tatmadaw (Air) is joining hands with the Tatmadaw (Army) and the Tatmadaw (Navy) in conventional and non-conventional warfare as well as public welfare warfare for the sake of the people and urged them to continue their assigned duties with utmost efforts.

The Tatmadaw (Air) needs to review improvement of air forces in regional and international countries on time and shape itself to be a compact and capable air force power and aerospace capability. It is necessary to exert efforts for fulfilling their needs and improve material and capability. The Tatmadaw (Air) **See Page 14**

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win speaks words of encouragement to temporarily displaced local residents at Thiri Mingalar Mansu Shan Monastery in Lashio



Vice- Senior General Soe Win and Daw Than Than Nwe offer alms to the Sayadaw.

**Nay Pyi Taw December 15**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by wife Daw Than Than Nwe, senior officers from the Office of Commander-in-Chief of Defence Services, the commander of the Northeast Command and party, spoke words of encouragement of temporarily displaced local residents, who have been taking shelter at Thiri Mingalar Mansu Shan Monastery in Lashio this evening.

First, the Vice-Senior General and wife and party arrived at the monastery and paid obeisance to Presiding Sayadaw Agga Maha Ganthavackka Pandita Agga Maha Kammathanacariya Agga Maha Saddhamma Jotikadhaja Dr Punnananda.

Then, the Vice-Senior General and wife offered donations to the Sayadaw, who presented Dhamma gifts to the Vice-Senior General and wife.

Afterward, the Vice-Senior General and wife presented clothes, rice, edible oil and foodstuffs sent by the Chairman of the State Administration Council Prime Minister for temporarily displaced local residents to officials, who accepted them on behalf of the local residents.

Then, the Vice-Senior and wife cordially greeted the temporarily displaced local residents, who are taking shelter at the monastery.

100



Vice-Senior General Soe Win presents foodstuffs for temporarily displaced locals.



Vice-Senior General Soe Win greets temporarily displaced locals.

From Page 13

firmly believes that the role of technology and human resources in modern wars can make decisions for conflicts. The Senior General stressed the need to take lessons from the past experiences and seek the good ways in successfully addressing the problems in the future.

Today's commissioned post 4th-generation Su-30 SME fighter aircraft will improve the air force power of the Tatmadaw (Air) and it is new step to upgrade the Tatmadaw (Air) to the tactical air force possessing some strategic capabilities which can manage the majority of functions related to the air force power for the future of the Tatmadaw (Air).

The Tatmadaw (Air) could serve the State responsibilities in respective sectors in successive eras, upholding Our Three Main National Causes and participates in development measures of the State and State defence duties for uplifting the prestige of the Tatmadaw. The Senior General stressed the need to systematically drive the already commissioned aircraft in line with the military code of conducts: Adore own arms, and to forge military unity inside and outside while new generations have to preserve fine traditions of the Tatmadaw with sacrifice of life for long term existence.

Chief of Staff (Air) Lt-Gen Zaw Win Myint declared commissioning of aircraft.

Commander-in-Chief (Air) General Tun Aung presented a scale model of commissioned aircraft to the Senior General.

A newly-commissioned aircraft Su-30 SME fighter saluted the Senior General and performed skill demonstrations in high performance maneuvers.

The aircraft showed off skills in flying tail slide formation, multiple roll formation, oblique loop formation, saluting with slow flight in 100km/hr and flat spin formation. Moreover, Flat Spin Maneuver cannot be demonstrated by ordinary jet fighter. But, the Su-30 SME fighter can operate Flat Spin Maneuver due to its super capability and advanced technologies. Furthermore, the fighter demonstrated Maximum Banking Turn in Radius of Turn and then landed on the runway from the southern part of the airfield.

The Senior General and party sprinkled scented water on the commissioned aircraft, viewed round them and posed for documentary photos.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းဆောင်ရည်တည်ဆောက်မှုအလားအလာ



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် "တရုတ်နိုင်ငံတွင် စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲတိုးတက်လာမှုများ"ဆိုသော ၎င်း၏နှစ်ပတ်လည်အစီရင်ခံစာကို မကြာသေးမီအချိန်အတွင်းက ထုတ်ပြန်ခဲ့သည်။ တရုတ်၏တိုက်စွမ်းအားကိုဖော်ပြထားသည့် ၎င်းအစီရင်ခံစာသည် တရုတ်နိုင်ငံစစ်ဘက်၏ အသေးစိတ်အချက်အလက်များအပြင် စွမ်းဆောင်ရည်များနှင့် ရည်မှန်းချက်များကိုလည်း ဖော်ပြထားရှိသည်။ တရုတ်နိုင်ငံ၏ အလျင်အမြန်ပြောင်းလဲတိုးတက်လာသော နျူကလီးယားလက်နက်များ တိုးချဲ့ထုတ်လုပ်သည့်ကဏ္ဍသည် ဖြိုင်ဘက်နိုင်ငံများအပေါ် ဂယက်ရိုက်ခတ်လျက်ရှိသည်။ အထူးသဖြင့် လေ့လာသုံးသပ်သူများကို အံ့ဩမှင်တက်မိစေခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် စစ်ရေးဆိုင်ရာတည်ဆောက်မှုများကို အမှန်တကယ်လုပ်ဆောင်နေပြီလားဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ လက်ရှိအချိန်တွင် အမေရိကန်လေ့လာသုံးသပ်သူများသည် တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်များ အလျင်အမြန်တိုးချဲ့တည်ဆောက်နေမှုကို သဘောတူညီထားကြသည်။ ယခုနှုန်းအတိုင်းသာ ဆက်လက်အကောင်အထည်ဖော်သွားမည်ဆိုလျှင် နျူကလီးယားကျည်ထိပ်ဖူးအရေအတွက်ကို ခန့်မှန်းရခက်ခဲမည်ဖြစ်သည်။ လက်ရှိအခြေအနေသည် လွန်ခဲ့သောနှစ် ၂၀ ကျော်ကာလအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ အလျင်အမြန်တိုးတက်လာမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အဆိုပါတိုးတက်မှုနှုန်းသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံးနှင့် အလျင်မြန်ဆုံးစစ်ရေးတည်ဆောက်မှုကြီးအဖြစ် ယူဆနိုင်ပြီး လူ့သမိုင်းတစ်လျှောက်တွင် အလျင်မြန်ဆုံးသော အကောင်အထည်ဖော်ဆောင်နိုင်မှုလည်းဖြစ်သည်။

လွန်ခဲ့သောနှစ်များအတွင်း တရုတ်၏ နျူကလီးယားကျည်ထိပ်ဖူးတီထွင်မှု၊ ထုတ်လုပ်ခဲ့မှုနှင့်စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင်များ၏ ခန့်မှန်းချက်သည် အရေအတွက် ၃၀၀ သို့မဟုတ် ထိုအရေအတွက်ထက်ပင်နည်းမည်ဟု ယူဆထားခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ်တွင် ခန့်မှန်းချက်သည် ရုတ်တရက်ပြောင်းလဲသွားပြီး နျူကလီးယားကျည်ထိပ်ဖူး ၄၀၀ ကျော်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းလာခဲ့သည်။ လက်ရှိအချိန်တွင် နျူကလီးယားကျည်ထိပ်ဖူး ၅၀၀ ခန့်ရှိမည်ဖြစ်ကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ထို့ထက်ပင်အရေအတွက်ပိုမိုများပြားလာနိုင်ကြောင်း ခန့်မှန်းထားရှိသည်။

အထူးသဖြင့် တရုတ်နိုင်ငံသည် နျူကလီးယားလက်နက်များ အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည့်အပြင် ဖြန့်ခွဲမှုစနစ်ကိုလည်း တိကျစွာဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် နယ်ပယ်ပေါင်းစုံတွင် တရုတ်စစ်ဘက်၏ စွမ်းဆောင်ရည်များ တိုးတက်လာမှုကို လျှော့တွက်လေ့ရှိသည်မှာ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။ အမှန်တော့ ကျွမ်းကျင်ပညာရှင်များသည် တရုတ်၏စစ်ရေးစွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍ လွန်ခဲ့သောဆယ်စုနှစ်တစ်ခု သို့မဟုတ် နှစ်ခုခန့်ကတည်းက မကြာခဏမှားယွင်းခန့်မှန်းတွက်ချက်ခဲ့ကြသည်။

PLA ရေတပ်၏ လေယာဉ်တင်သင်္ဘောများနှင့်စပ်လျဉ်း၍လည်း တွေးခေါ်သုံးသပ်ရာ၌ တရုတ်နိုင်ငံသည် အကြီးစားလေယာဉ်တင်သင်္ဘောစစ်ဆင်ရေးများအတွက် ဆယ်စုနှစ်များစွာကြာဦးမည်ဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။ ထိုသို့ ကောက်ချက်ချခြင်းသည် အမေရိကန်တို့အနေဖြင့် ၎င်းတို့၏လက်ရှိအနေအထားအပေါ် စိတ်ကြီးဝင်နေပြီး စိုးရိမ်ပူပန်မှုကင်းမဲ့နေသောကြောင့်ပင်ဖြစ်သည်။ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်မှ ရေတပ်ဗိုလ်ချုပ်ကြီး Timothy Keating က PLA ရေတပ်၏ လေယာဉ်တင်သင်္ဘောများတည်ဆောက်မှုနှင့်စပ်လျဉ်း၍ အမှားအယွင်းတစ်စုံတစ်ရာမျှမတွေ့ရှိရကြောင်း ပြောကြားသွားခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောသုံးစီးပိုင်ဆိုင်ထားရှိပြီး ၎င်းတို့ကို အသုံးပြုနိုင်ရေးအတွက် အလျင်အမြန်တွက်ချက်ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်တို့အနေဖြင့် တရုတ်၏နျူကလီးယားလက်နက်များနှင့်စပ်လျဉ်း၍ ခန့်မှန်းတွက်ချက်ရာ၌လည်း အလားတူမှားယွင်းလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် လက်ရှိ ခန့်မှန်းတွက်ချက်ထားသည်ထက် နျူကလီးယားလက်နက်များ ပိုမိုပိုင်ဆိုင်ထားဖွယ်ရာရှိသည်။ သို့သော် တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်ကျွမ်းကျင်ပညာရှင်များသည် အရှိတရားကိုလက်ခံရန်ငြင်းဆန်လျက်ရှိကြသည်။

နျူကလီးယားစစ်ဆင်ရေးအတွက် တာဝန်ရှိသည့် တရုတ်နိုင်ငံ၏အမှတ်(၂) ဒုံးပျံတပ်ဖွဲ့သည် မိုင်ပေါင်းထောင်ချီရှည်လျားသည့် မြေအောက်ဥမင်လိုဏ်ခေါင်းများစွာပိုင်ဆိုင်ထားရှိပြီး ၎င်းဥမင်လိုဏ်ခေါင်းများထဲတွင် နျူကလီးယားလက်နက်များ သိုဝှက်သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။

ဆိုရလျှင် တရုတ်စစ်ဘက်၏စွမ်းဆောင်ရည်များကို လျှော့တွက်သည့် တရုတ်နိုင်ငံဆိုင်ရာကျွမ်းကျင်ပညာရှင်များရှိနေဆဲပင်ဖြစ်သည်။ ၎င်းတို့က တရုတ်(ထိုင်ဝမ်)အရေး ပေါ်ပေါက်လာပါက စိုးရိမ်ပူပန်စရာမရှိကြောင်း၊ စစ်မှန်သောခြိမ်းခြောက်မှုများမဖြစ်ပေါ်လာမီ တရုတ်နိုင်ငံကို တုံ့ပြန်တိုက်ခိုက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် အချိန်များစွာရှိကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။

သို့သော် တိုက်ခိုက်မှုများနှင့် စစ်ပွဲများ အမှန်တကယ်ဖြစ်ပေါ်လာသည့်အချိန်တွင် တရုတ်နိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှု မည်မျှပြင်းထန်မလဲဆိုသောမေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ နျူကလီးယားခြိမ်းခြောက်မှုသည် လွန်စွာပြင်းထန်မည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားကျည်ထိပ်ဖူးများစွာ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ နျူကလီးယားပိုင်ဆိုင်မှုအရေအတွက်သည် အဓိကမကျဘဲ ၎င်းနျူကလီးယားလက်နက်ကို မည်သို့မည်ပုံအသုံးပြုသွားမည်ဆိုသောစိတ်ဆန္ဒသည်သာလျှင် ပိုမိုအခရာကျလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ပြိုင်ဘက်အုပ်စုမှ ထောက်ထားညှာတာမှုမရှိဘဲ အကျိုးအမြတ်ထုတ်လာမည်ဆိုလျှင် အမေရိကန်နှင့် မိတ်ဖက်များ၊ မဟာမိတ်များကို လက်တုံ့ပြန်ရေးအတွက် နျူကလီးယားလက်နက်များကို အသုံးပြုသွားဖွယ်ရာရှိသည်။ ထို့ပြင် နျူကလီးယားလက်နက်အမြောက်အမြား ပိုင်ဆိုင်ထားသည့်တရုတ်၏ မဟာမိတ်ရုရှားနိုင်ငံကိုလည်း မေ့ထား၍ရမည်မဟုတ်ချေ။ အထူးသဖြင့် ရုရှား၏နျူကလီးယားတပ်ဖွဲ့များသည် ပြိုင်ဘက်နိုင်ငံများကို အကျပ်ကိုင်ရေးရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့များနှင့် မဟာမိတ်ဖွဲ့ထားသည်။ ထို့ပြင် မြောက်ကိုရီးယားနှင့် အီရန်တို့၏ နျူကလီးယားလက်နက်များကိုပင်လျှင် တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်တစ်စိတ်တစ်ဒေသအဖြစ် သဘောထားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်ပိုင်ဆိုင်ရန် ရည်မှန်းထားရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအစီရင်ခံစာ၌ ဖော်ပြထားသောကြောင့် အမေရိကန်တို့အတွက် အချိန်သိပ်မရှိတော့ပေ။ PLA သည် အချို့သောနယ်ပယ်များတွင် အမေရိကန်စစ်ဘက်ကိုယှဉ်ပြိုင်ကျော်လွှားနိုင်သည့် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ သာဓကအနေဖြင့် PLA ရေတပ်သည် ကြီးမားသောရေတပ်၊ အကြီးစားစစ်သင်္ဘောများ တည်ဆောက်နိုင်မှုနှင့် စွမ်းဆောင်ရည်ပိုမိုပြည့်ဝသောဒုံးပျံတပ်ဖွဲ့ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ ၎င်းဒုံးပျံတပ်ဖွဲ့တွင် အသံလွန်ဒုံးကျည်များ တပ်ဆင်ထားရှိသည်။

စင်စစ်အားဖြင့် စစ်ဘက်အခြေခံသဘောတရားသည် တိကျခိုင်မာသေချာသည့်အချိန်နှင့် နေရာတွင် တိကျသောအရာကိုသာ လုပ်ဆောင်သွားနိုင်ရန်ပင်ဖြစ်သည်။ အမှန်တော့ တရုတ်နိုင်ငံအနေဖြင့် အချိန်နှင့်နေရာရွေးချယ်လိုက်ပြီဆိုလျှင် အမေရိကန်တို့ အကြီးအကျယ်ဒုက္ခရောက်တော့မည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် လွန်ခဲ့သောငါးနှစ်ကျော်၊ ခြောက်နှစ်ခန့်ကတည်းက တောင်တရုတ်ပင်လယ်ကို ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ တရုတ်စစ်ဘက်သည် စစ်မက်ဖြစ်ပွားချိန်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် တရုတ်နယ်စပ်မှနေ၍ မိုင် ၁၀၀ ကျော်ထိ စစ်လက်ရုံးဆန့်တန်းထားပြီးဖြစ်သည်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် ဝင်ထွက်သွားလာနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီဆိပ်ကမ်းနှင့် လေယာဉ်ကွင်းများတည်ဆောက်လျက်ရှိပြီး အမေရိကန်စစ်ဘက်ကဲ့သို့ပင် ကမ္ဘာ့အဆင့်မီလည်ပတ်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် လာမည့်ကိုးနှစ်ကျော်၊ ၁၀ နှစ်ကာလအတွင်း တရုတ်နိုင်ငံဆိုင်ရာကျွမ်းကျင်ပညာရှင်များ ခန့်မှန်းထားသည်ထက် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုင်ဆိုင်လာတော့မည်ဖြစ်သည်။

အနာဂတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ၌ တရုတ်နိုင်ငံသည် အမေရိကန်နှင့် စစ်ပွဲဆင်နွှဲနေပြီးဖြစ်သည်။ အမှန်တော့ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်ကတည်းကပင် စီးပွားရေး၊ ဘဏ္ဍာရေး၊ ဇီဝ၊ ဓာတု၊ ဆိုက်ဘာ၊ နိုင်ငံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ မီဒီယာဆိုင်ရာဝါဒဖြန့်ချိရေးနည်းလမ်းများဖြင့် အမေရိကန်ကို တိုက်ခိုက်လျက်ရှိသည်။

လိုအပ်ပါက စစ်ရေးဆိုင်ရာလှုပ်ရှားမှုများလုပ်ဆောင်လာနိုင်သည်။ သို့သော် အမေရိကန်ရေပေါ်ဆီလူတန်းစားများနှင့် နိုင်ငံရေးသမားများသည် တရုတ်နိုင်ငံက အမေရိကန်ကို ထိန်းချုပ်လွှမ်းမိုးနိုင်ရေးလုပ်ဆောင်နေမှုများကို အသိအမှတ်ပြုရန်ငြင်းဆန်နေဆဲပင်ဖြစ်သည်။ ပိုမိုစိတ်ပျက်ဖွယ်ရာကောင်းသည့်အချက်မှာ အမေရိကန်စီးပွားရေးအသိုက်အဝန်းသည် တရုတ်၏စစ်ရေးတည်ဆောက်မှုကိုဘဏ္ဍာငွေပံ့ပိုးကူညီနေခြင်းပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံက ခြိမ်းခြောက်လာနိုင်မှုအတွက် တုံ့ပြန်လုပ်ဆောင်ခြင်းမရှိသော အမေရိကန်အစိုးရအဆက်ဆက်နှင့် နိုင်ငံရေးသမားများကို ဖိအားပေးလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက အလျင်မြန်ဆုံးနှုန်းထားဖြင့် စစ်ရေးတည်ဆောက်ကာ အမေရိကန်နှင့် စစ်ရေးတိုက်ခိုက်မှုမဟုတ်သည့် စစ်ပွဲဆင်နွှဲနေပြီဖြစ်သည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် ၎င်း၏စစ်ဘက်ကိုအကြီးစားခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ သမ္မတရှီကျင့်ဖျင်သည် တရုတ်စစ်ဘက်အင်အား တောင့်တင်းခိုင်မာရေးအတွက် အကြီးစားပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောများတည်ဆောက်ကာ ရေတပ်အဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် လေတပ်ကိုလည်း ကမ္ဘာ့အကြီးမားဆုံးလေတပ်များအနက်မှ လေတပ်တစ်ခုအဖြစ်ရပ်တည်နိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်တို့ကို စစ်ဆင်နွှဲနိုင်ရေးအတွက် တပ်မတော်ကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။

**ကိုးကား**

- **China's military buildup enough to win a war with US By Asia Times.**

မောင်သောင်းဝင်း(တမန်ဟောင်း)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

ရှေ့ဖုံးမှအဆက်

**လူ့စွမ်းအားအရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ ရလဒ်ကိုအဆုံးအဖြတ်ပေးနိုင်သည်ဟု နိုင်နိုင်မာမာ ယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံများက သင်ခန်းစာရယူပြီး အနာဂတ်ကာလအတွက် အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများကို ရှာဖွေသွားရမည်ဖြစ်**ကြောင်း။

**ယနေ့တပ်တော်ဝင်မည့် Su-30 SME တိုက်လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားကို တိုးမြှင့်ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ်ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာစွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက်စွမ်းရည်အချို့ကိုပိုင်ဆိုင်သည့် နည်းဗျူဟာမြောက် လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်**သည်ကို ပြောကြားလိုကြောင်း။

တပ်မတော်(လေ)အနေဖြင့် သမိုင်းအဆက်ဆက်တိုင်းပြည်တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သကဲ့သို့ ဗိုတာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်၊ ယနေ့တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ်ပါ "မိမိလက်နက်ကိုခင်မင်မြတ်နိုးပါ" ဆိုသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ တပ်ပြင်စည်းရုံးရေးတို့ကို အမြဲခိုင်မာအောင် တည်ဆောက်သွားပြီး တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို သားစဉ်မြေးမြစ် မျိုးဆက်သစ်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာတည်သရွေ့ မြန်မာတည်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

> **တပ်မတော်(လေ)အနေဖြင့် သမားရိုးကျစစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့်စစ်ဆင်ရေးများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူလက်တွဲလျက် ပြည်သူလူထုအတွက် ကျရာကဏ္ဍကပေးအပ်သည့်တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလို...**

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က လေယာဉ်များကို တပ်တော်ဝင်အဖြစ်ကြေညာသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များတပ်တော်ဝင်အထိမ်းအမှတ်လေယာဉ်ပုံစံငယ်ကိုဂါရဝပြုပေးအပ်သည်။

ထို့နောက် စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းဖြင့် ပျံသန်းအလေးပြုပြီး ၎င်းတိုက်လေယာဉ်၏ အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု(High Performance Maneuver) များကို စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် Tail Slide ဟုခေါ်သောဒေါင်လိုက်ပျံတက်ပြီးအမြန်နှုန်း Zero သို့လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံကိုသရုပ်ပြခြင်းနှင့် Multiple Roll ဟုခေါ်သည့် မိမိလေယာဉ်နောက်က ထက်ကြပ်မကွာလိုက်လာသည့်လေယာဉ်ကို လှည့်စားသည့်အနေဖြင့် ဘယ်သို့မဟုတ်ညာသို့ Multiple Roll ပြုလုပ်ကာ စစ်ကစားပျံသန်းမှုပုံစံတို့ကို သရုပ်ပြပျံသန်းသည်။

ထို့နောက် Oblique Loop ဟုခေါ်သည့်လေယာဉ်ကို ဘယ်သို့မဟုတ်ညာဘက်သို့စောင်း၍ ဒေါင်လိုက်အပေါ်သို့ဆွဲတင်ကာ စက်ဝိုင်းပုံစံ သရုပ်ပြပျံသန်းခြင်း၊ အမြန်နှုန်း 100 Km/hr ခန့်နှင့် ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်းနှင့် Flat Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက်လည်ကျသော ပျံသန်းမှုပုံစံကို သရုပ်ပြသသည်။ Flat Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 SME တိုက်လေယာဉ်တွင်မူ လေယာဉ်၏အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှုထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flat Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ Su-30 တိုက်လေယာဉ်သည် Maximum Banking Turn ဟုခေါ်သည့် Radius of Turn အကျဉ်းဆုံးဖြင့် ကွေ့ပျံသန်းခြင်းကို သရုပ်ပြပျံသန်းပြီး လေယာဉ်ပြေးလမ်း၏ တောင်ဘက်မှ တစ်ဆင့်ကွင်းအတွင်းသို့ ပြန်လည်ဆင်းသက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ၎င်းနောက် တပ်တော်ဝင်လေယာဉ်များကို လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၃)တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေသုံးစွဲနိုင်သည့်ကာလမှာ လေးလခန့်သာရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများကို များစွာလျာထားတောင်းခံထားပြီး မသုံးစွဲနိုင်သဖြင့် ပြန်လည်အပ်နှံခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဘတ်ဂျက်တောင်းခံသုံးစွဲမှုများနှင့် စပ်လျဉ်းပြီး အလေးထား စိစစ်ဆောင်ရွက်ကြပ်မတ်ရန်လိုအပ်ပါကြောင်း။

ထို့ပြင် နိုင်ငံခြားသုံးငွေဖြင့်သုံးစွဲရမည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာတွင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်ပြီး နိုင်ငံခြားငွေဖြင့်သာ မဖြစ်မနေပေးချေရမည့် အသုံးစရိတ်များ၊ ပြည်တွင်း၌ဝယ်ယူ၍ မရနိုင်သဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရမည့် ပစ္စည်းများအတွက် လိုအပ်သည့်အသုံးစရိတ်များကိုသာ တောင်းခံရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားပြီးဖြစ်သည့်အတွက် အဆိုပါရန်ပုံငွေများကို အကျိုးရှိထိရောက်စွာအသုံးချဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသများတွင် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားပြီး အားပေးမြှင့်တင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ **နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်တိုးတက်ရရှိရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်**ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် အခွန်ဝေစုခွဲဝေပေးမှုများအပေါ် မှီခိုမနေဘဲ ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားပြောကြားလိုပါကြောင်း။

ထို့ပြင် **စားရေရိက္ခာဖူလုံစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသာမက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့အပြင် အခြားကဏ္ဍများတွင်လည်း နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ကျခံသုံးစွဲပေးလျက်ရှိ**ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်များကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် **များအတွက် ထိရောက်စွာသုံးစွဲကြစေလို**ပါကြောင်း၊ ထို့ပြင် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အသုံးစရိတ်များ အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီစိစစ်ရာတွင် သာမန်အသုံးစရိတ်အပိုင်းတွင် အဓိကအားဖြင့်




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

ယခုအခါ နိုင်ငံတော်ဘတ်ဂျက်ကို စနစ်တကျစိစစ်ရန်၊ သုံးစွဲရန်အတွက် **"ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ"** ကို ဖွဲ့စည်းပေးခဲ့ပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားချက်ကြောင့် လိုအပ်လာသည့်အသုံးစရိတ်များ၊ နိုင်ငံတော်သို့ ထပ်မံပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအတွက် တောင်းခံသည့်အတိုင်း ခွင့်ပြုခဲ့ပြီး မဖြစ်မနေပေးချေရန် ထပ်မံလိုအပ်သည့် နိုင်ငံ့ဝန်ထမ်းလစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို စိစစ်ခွင့်ပြုခဲ့ အနေဖြင့် **နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာဒေသနှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်း**ပါကြောင်း။

မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏စားဝတ်နေရေး သက်သာချောင်ချိမှုကို **စာမျက်နှာ ၂၁ သို့**



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ရှင်းလင်းတင်ပြစဉ်။




ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ခွင့်ပြုထားသည့် အပိုထောက်ပံ့ကြေးအသုံးစရိတ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ်များနှင့် အခြားလိုအပ်သည့် အသုံးစရိတ်များ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ ရေးအထက်တန်းကျောင်း ၃၄ ကျောင်းတွင် RCC တစ်ထပ် ၃၄ ဆောင် ဆောက်လုပ်ရန်အတွက် အသုံးစရိတ်များခွင့်ပြုပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုက ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသိတာဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

၎င်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ် သုံးသင့်သုံးထိုက်သည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန်** လိုကြောင်း၊ **နိုင်ငံတော်၏ ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်**ကြောင်း၊ **နိုင်ငံတော်ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လို**ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလက်ခံနိုင်သည့် အခက်အခဲများကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိခြင်းမှလွဲ၍ အခြားအကောင်အထည်မဖော်နိုင်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ်ရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးငွေဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ အကျိုးရှိသည့်နေရာများတွင် အသုံးချရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေအရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအတွင်းမှ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာဖြင့် သုံးစွဲကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် မိမိတို့လျာထားသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တိုင်းပြည်အကျိုးကိုရှေးရှုပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိုဦးတည်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများတွင် ခေတ်မီနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း။

စားသုံးဆီများ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှုများရှိနေခြင်းကြောင့် ပြည်တွင်းစားသုံးဆီဖူလုံအောင် ထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်အမှတ်စဉ် (ဂ)အဖြစ် **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"**ဟု ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ စက်သုံးဆီများ ပြည်ပမှ တင်သွင်းခြင်းကိုလည်း နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများကို အထူးစိစစ်ပြီး သုံးစွဲကြရန်လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဘေး၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေး စသည့် သဘာဝဘေးများကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ကြရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုး ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးထား မှာကြားလိုကြောင်း။

**ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်**၊ **လျာထားသည့် ရငွေလျာထားချက်များအတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်**၊ **၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်**ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် နိုင်ငံတော်က ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်၊ လျာထားသည့် ရငွေလျာထားချက်များအတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့်အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်. . .**

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြစ်ကြီးနားတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့အား မေတ္တာလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့် အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ ကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့် အဝတ်အထည်များ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ရထားသံလမ်းပြတ်တောက်ပျက်စီးနေသဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ကျောက်တံခါးနှင့် ပိန်းဇလုပ်ကြား ရထားစက်ခေါင်းနှင့်အတူ လူစီးတွဲသုံးတွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး ရထားလမ်းပိုင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၄ နာရီတွင် ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် လူစီးအမြန်ရထားလေးစီး၊ လူစီးကုန်တင်ရထားနှစ်စီးနှင့် ကုန်ရထား ခြောက်စီးတို့ ပြေးဆွဲမှုရပ်နားခဲ့ရပြီး ရထားစီးခရီးသည်များကို မော်တော်ယာဉ်များစီစဉ်၍ ရန်ကုန်ဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးနှင့်ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများက စက်ခေါင်းနှင့်တွဲများကို ပြန်လည်မတင်ခြင်း၊ လမ်းပိုင်းပြုပြင်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ နေ့ရောညပါ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယနေ့နံနက် ၁၂ နာရီ မိနစ် ၄၀ တွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လမ်းပိုင်းကြံ့ခိုင်မှုနှင့်လုံခြုံရေးများစိစစ်ဆောင်ရွက်ပြီးနောက် ယနေ့ညနေပိုင်းမှစတင်၍ ရန်ကုန်ဘူတာကြီးမှထွက်ခွာမည့် အမှတ်(၃)အဆန်၊ အမှတ်(၅)အဆန်နှင့် မန္တလေးဘူတာကြီးမှထွက်ခွာမည့် အမှတ်(၄)အစုန်၊ အမှတ်(၆) အစုန်လူစီးအမြန်ရထားများအပြင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကုန်ရထားများနှင့်အခြားရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၇၅၉ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများတွင်ပါရှိသည့် "ကုန်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "တားဆီးနှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့" ဆိုသည့် စကားရပ်ကို "တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်းတပ်ဖွဲ့" ဆိုသည့်စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲမှုခင်း တပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "မှုခင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဒုတိယ မှုခင်းတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်သူ့ရဲသတင်းတပ်ဖွဲ့" ဆိုသည့် စကားရပ်ကို "သတင်းရဲတပ်ဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "ဒုတိယသတင်းတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "ဒုတိယသတင်းရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ကုသရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "လူမှုဝန်ထမ်းဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပြန်လည်ထူထောင်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂ တွင်-

( က ) နည်းဥပဒေခွဲ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဆ) **လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဋ) အရ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသောအဖွဲ့ကိုဆိုသည်။

( ဇ ) **ကြီးကြပ်ကွပ်ကဲမှုအဖွဲ့** ဆိုသည်မှာ နည်းဥပဒေ ၃ အရ ဖွဲ့စည်းထားသော ဆေးဝါးသုံးစွဲသူကုသရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကို ဆိုသည်။

( ဈ ) **ပြန်လည်ထူထောင်ရေးစခန်း** ဆိုသည်မှာ ဥပဒေအခန်း (၆) ပါ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအောက်ရှိပြန်လည်ထူထောင်ရေးစခန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော ပြုစုပျိုးထောင်ရေးစခန်းများလည်း ပါဝင်သည်။

( ည ) **ဆေးဝါးသုံးစွဲသူကုသရေးဌာန** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူများအား ဆေးကုသရန် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဆေးရုံ၊ ဆေးကုသဌာန သို့မဟုတ် ခွင့်ပြုချက်ပေးထားသည့် ဆေးကုဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုသဌာန သို့မဟုတ် ဆေးကုဂေဟာကိုဆိုသည်။

( ဋ ) **ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်း** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေပုဒ်မ ၇ အရ ဗဟိုအဖွဲ့က ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို ဆိုသည်။"

( ခ ) နည်းဥပဒေခွဲ (ဌ) ကို ပယ်ဖျက်ရမည်။

( ဂ ) နည်းဥပဒေခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ဍ ) **တာဝန်ခံဆရာဝန်** ဆိုသည်မှာ ဆေးဝါးသုံးစွဲသူကုသရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော တာဝန်ခံဆရာဝန်ကို ဆိုသည်။"

၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ အခန်း(၂)၊ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်း"**

၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များသည် ဆေးဝါးသုံးစွဲသူအား ထိရောက်စွာကုသနိုင်ရေးအတွက် မိမိတို့နှင့်သက်ဆိုင်ရာဒေသအတွင်းရှိ ဆေးဝါးသုံးစွဲသူကုသရေးဌာနများ၌ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ ဖွဲ့စည်းပေးရမည်။"

၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ (က) ဆေးဝါးသုံးစွဲသူသည် အသက် ၁၈ နှစ်ပြည့်ပါက မိမိ၏သဘောဆန္ဒအလျောက်ဖြစ်စေ၊ အသက် ၁၈ နှစ် မပြည့်သေးပါက မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူလာရောက်၍ဖြစ်စေ ဆေးဝါးသုံးစွဲသူကုသရေးဌာန၌ ဆေးကုသမှုခံယူရမည်။

( ခ ) ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသမှုပြီးဆုံးပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်သင့်သည်ဟု ဆေးကုသရေးအဖွဲ့နှင့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ယူဆလျှင် ၎င်းအဖွဲ့များက ကျန်းမာရေးဝန်ကြီးဌာနသို့တင်ပြရမည်။

( ဂ ) ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပို့အပ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

( ဃ ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူအား သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်း၌ ခြောက်လထိ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။"

၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅ နှင့် ၆ တို့ကို ပယ်ဖျက်ရမည်။

၈။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဆေးဝါးသုံးစွဲသူသည် ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို လျှော့ချရန် ဆေးဝါးသုံးစွဲသူကုသရေးဌာနများထံမှ အောက်ပါဝန်ဆောင်မှုများ ရယူနိုင်သည်-

(က) တစ်ခါသုံးဆေးထိုးအပ်များ၊
(ခ) အစားထိုးဆေးဝါးကုသမှု၊
(ဂ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ရှိ မရှိ စစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးမှု၊
(ဃ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကုသဆေးများ၊
(င) ကာလသားရောဂါ ကာကွယ်ကုသမှု၊
(စ) ကွန်ဒုံးများ၊
(ဆ) ဆေးဝါးသုံးစွဲသူနှင့် ၎င်းတို့နှင့်လိင်ဆက်ဆံသူများအား သတင်းအချက်အလက်နှင့် ပညာပေးဆွေးနွေးမှုများ၊
(ဇ) အသည်းရောင်အသားဝါရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်း၊
(ဈ) တီဘီရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း၊
(ည) ဆေးလွန်မှုကုသရန် ဆေးဝါးများ၊
(ဋ) ကျန်းမာရေးဆိုင်ရာအသိပညာနှင့် လိုအပ်သောအကူအညီများ။"

၉။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ရဲစခန်းမှူးသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ချုပ်ထားခြင်းခံရသူ သို့မဟုတ် ပြစ်ဒဏ်ကျခံနေရသူသည် ဆေးဝါးသုံးစွဲကြောင်း စိစစ်သိရှိရပါက သက်ဆိုင်ရာတာဝန်ခံဆရာဝန်နှင့်ညှိနှိုင်း၍ ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးရမည်။"

၁၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၉ ၏ နောက်တွင် နည်းဥပဒေ ၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၉-က။(က) သက်ဆိုင်ရာ ရဲစခန်းမှူး အဆင့်အောက်မနိမ့်သော ရဲအရာရှိသည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူစေရမည်။ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ဆေးဝါးသုံးစွဲသူကုသရေးဌာနသို့ ဆောလျင်စွာ ပို့အပ်ရမည်။

( ခ ) သက်ဆိုင်ရာ ရဲစခန်းမှူးသည် ပဏာမဆေးစစ်ချက်ခံယူရန် ငြင်းဆန်ပျက်ကွက်သူကိုဖြစ်စေ၊ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပြီး ဆေးကုသမှုခံယူရန် ပျက်ကွက်သူကိုဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုနိုင်ရန် မြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

( ဂ ) တရားရုံးသည် နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားခြင်းခံရသူအား ပဏာမဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက နည်းဥပဒေခွဲ (ဂ) အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လ ပို့အပ်သည့်အမိန့်ချမှတ်ရမည်။

( င ) နည်းဥပဒေခွဲ (ဃ) အရ အမိန့်ချမှတ်ခြင်းခံရသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ သက်ဆိုင်ရာရဲစခန်းက လိုအပ်သောအစီအမံဖြင့် ပို့အပ်ရမည်။

( စ ) ထိုသို့ ပို့အပ်ခြင်းခံရသူသည် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းက သတ်မှတ်ထားသည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ နေထိုင်ရမည်။

(ဆ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့်စပ်လျဉ်း၍ သတင်းပေးပို့လာပါက နည်းဥပဒေခွဲ (က)၊ (ခ) တို့နှင့်အညီ ဆောင်ရွက်ရမည်။"

**ဆက်လက်ဖော်ပြပါမည်။**

# လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၆၀ / ၂၀၂၃ )**
၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ**ဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် လောင်းကစားဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

( က ) **ဥပဒေ**ဆိုသည်မှာ လောင်းကစားဥပဒေကိုဆိုသည်။

( ခ ) **ဝရမ်း**ဆိုသည်မှာ လောင်းကစားအိမ် သို့မဟုတ် ကာစီနို (Casino)သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဥပဒေနှင့်အညီ ထုတ်ပေးသည့် ဝရမ်းကိုဆိုသည်။

( ဂ ) **အစီရင်ခံစာ**ဆိုသည်မှာ လောင်းကစားဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည့် အစီရင်ခံစာပုံစံကိုဆိုသည်။

( ဃ ) **မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိ**ဆိုသည်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ ဒုတိယရဲချုပ်နှင့် ရဲချုပ်ကိုဆိုသည်။ ယင်းစကားရပ်များတွင် အဆိုပါ ရာထူးတာဝန်များကို ထမ်းဆောင်နေသည့် မည်သည့်ရဲအရာရှိမဆိုပါဝင်သည်။

( င ) **ပုံစံ**ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့်ပုံစံကိုဆိုသည်။

## အခန်း(၂)
## အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၃။ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

၄။ အပိုဒ် ၃ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

( က ) ကိုယ်တိုင်ဖမ်းဆီးနိုင်သည်။

( ခ ) လိုအပ်သော အကူအညီများရယူပြီး သင့်လျော်သောနည်းလမ်းဖြင့် ဖမ်းဆီးနိုင်သည်။

( ဂ ) ဖမ်းဆီးရာတွင် လိုအပ်သောအင်အားကို အသုံးပြုနိုင်သည်။

၅။ ( က ) အပိုဒ် ၄ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့်သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ)ဖြင့်သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ကျန်ဖမ်းဆီးခွင့်ရှိသူများဖြစ်ပါက မိမိအား ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည့် အထက်အရာရှိထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ခ ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁)အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၃)
## လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင်ဆောင်ရွက်ရန် နည်းလမ်းများ

၆။ လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်မြေအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက သတင်းပေးခြင်းကြောင့် သိရှိလျှင်ဖြစ်စေ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် အောက်ပါအချက်များကိုဖော်ပြ၍ ရေးမှတ်ထားရမည်-

( က ) လောင်းကစားအိမ်တည်ရာ နေရပ်လိပ်စာ၊

( ခ ) လောင်းကစားအိမ်ရှင် (နေထိုင်သူ) အမည်၊

( ဂ ) ရေးမှတ်သည့် နေ့ရက်နှင့် အချိန်နာရီ၊

( ဃ ) သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။

၇။ အပိုဒ် ၆ အရ ဆောင်ရွက်သူသည် သတင်းပေးသူ၏ အမည်နှင့် နေရပ်လိပ်စာကို လိုအပ်မှသာ အစီရင်ခံတင်ပြရမည်။

၈။ အပိုဒ် ၆ အရ ရေးမှတ်သော လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င)ကို လိုအပ်ပါက သက်ဆိုင်ရာတရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းနိုင်ရန် လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၉။ အပိုဒ် ၆ အရ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င)တွင် ရေးမှတ်ပြီးနောက် ၂၄ နာရီအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမည်။ ထိုသို့ဖမ်းဆီးရာတွင်-

( က ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ဖမ်းဆီးနိုင်သည်။

( ခ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးတစ်ဦးဦးအပါအဝင် အနည်းဆုံးနှစ်ဦးပါဝင်လျက် အဖွဲ့ဖြင့်ဖမ်းဆီးနိုင်သည်။ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်အကူအညီကို ရယူနိုင်သည်။

( ဂ ) ဖမ်းဆီးရမိခြင်းမရှိပါက မိမိ၏အထက်ဌာနသို့ ဆောလျင်စွာတင်ပြရမည်။

၁၀။ အပိုဒ် ၉ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

( က ) ရှာဖွေပုံစံပါရှိရမည်။

( ခ ) သက်သေအနည်းဆုံးနှစ်ဦးပါရှိရမည်။

( ဂ ) လုံလောက်သည့်အင်အားကို အသုံးပြုနိုင်သည်။

( ဃ ) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်ခွင့်ရှိသည်။

၁၁။ ( က ) အပိုဒ် ၁၀ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင်ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန်သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ခ ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဝရမ်းထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၁၂။ ဥပဒေအရ ဝရမ်းထုတ်ပေးခွင့်ရှိသူသည် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းထုတ်ပေးခြင်းမပြုမီ လောင်းကစားအိမ်နှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်သိရှိသည့် အချက်ကိုဖြစ်စေ၊ သတင်းပေးချက်ကိုဖြစ်စေ အပိုဒ် ၆ နှင့်အညီ ရေးမှတ်ပြီးနောက် အောက်ပါအချက်များပါဝင်သည့် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း(ပုံစံ-က)ကို ထုတ်ပေးရမည်-

( က ) ဝင်ရောက်ရှာဖွေဖမ်းဆီးရမည့် လောင်းကစားအိမ်တည်ရာ နေရပ်လိပ်စာနှင့် အိမ်ရှင်တို့၏ အမည်၊

( ခ ) ဝရမ်းစတင်ထုတ်ပေးသည့် ရက်စွဲနှင့် ဝရမ်းသက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

**မှတ်ချက်။** ထိုသို့ထုတ်ပေးသည့် ဝရမ်းသက်တမ်းသည် ဝရမ်းစတင်ထုတ်ပေးသည့်နေ့မှ ၁၄ ရက်ထက်ကျော်လွန်ခြင်းမရှိစေရ၊

( ဂ ) ဝရမ်းထုတ်ပေးခွင့်ရှိသူ၏ လက်မှတ်နှင့် ရုံးတံဆိပ်။

၁၃။ ဝရမ်းထုတ်ပေးခွင့်ရှိသူက ဝရမ်းထုတ်ပေးရာတွင် သီးခြားမှတ်တမ်းစာအုပ်၌ ရေးသွင်းပြီး အဆိုပါမှတ်တမ်းစာအုပ်နှင့် စာရွက်စာတမ်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၄။ ( က ) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) လောင်းကစားခြင်းကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံတင်ပြရမည်။

(၂) လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိပါက လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)]ဖြင့် ဝရမ်းထုတ်ပေးသူထံတင်ပြရမည်။

( ခ ) အပိုဒ်ခွဲ(က)အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကိုရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၁၅။ အပိုဒ် ၁၄ အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်းအစီရင်ခံစာ (ပုံစံ-ဂ)ကို လက်ခံရရှိပါက အပိုဒ် ၁၂ အရ ဝရမ်းထုတ်ပေးသူသည်-

( က ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်လျှင် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်လျှင် ခရိုင်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ခ ) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

( ဂ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံတင်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ တက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၁၅**

(၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(ငြိမ်း) ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများ တက်ရောက်ကြသည်။



ရှေးဦးစွာအခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်တီးခတ်ကာ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေ၍ ဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉)နှစ်မြောက်ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဖတ်ကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိကြသူများကို ဆုတံဆိပ်များချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်စီမံထူးချွန်ဆု (ပထမဆင့်) ရရှိသူ သုံးဦးကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(ပထမဆင့်)နှင့် ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ပြည်နယ်လူမှုထူးချွန်ဆု(ပထမဆင့်) ရရှိသူနှစ်ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြည်နယ်စီမံထူးချွန်ဆု၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)နှင့် (တတိယဆင့်) ရရှိသူများ၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိကြသူများကိုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က မှိုဟင်းခူးဇော်လားကတ်မေတေးသီချင်းဖြင့်လည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက ရခိုင့်ဘဝတေးသံတေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခိုင်သဇင်ခန်းမအတွင်း၌ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများကိုလှည့်လည် ကြည့်ရှုအားပေးကြပြီး ဂုဏ်ထူးဆောင်ဆုရရှိသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများကအနာဂတ်တွင် အလားအလာကောင်းသော ပြည်နယ်တစ်ခုဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးကဏ္ဍများနှင့်ပတ်သက်၍ လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စစ်တွေမြို့ အဓိဋ္ဌာန်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကြက်တောင်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း လေးသင်းဖြင့် ဒီဇင်ဘာ ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၆)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် အန္တရာယ်ကင်းပရိတ်တရားနာယူဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ





မင်္ဂလာဗေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၆)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဗေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော သံဃာတော်အရှင်မြတ်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာဗေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။


ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာဗေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်များအား အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

မင်္ဂလာဗေယျံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်ဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ တရုတ်နိုင်ငံက နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီနေမှုများအပေါ် အနောက်အုပ်စုအားကိုးမီဒီယာများနှင့် အနောက်အုပ်စုအားကိုးအဖွဲ့များ၏ ဝေဖန်ချက်အမျိုးမျိုးဖြင့် ထုတ်လွှင့်ပြောဆိုနေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့ ကျွန်တော်ယခင်နေ့ကပြောထားတဲ့အတိုင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ ပဋိပက္ခများနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ နယ်မြေငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် ကူညီမှုရှိခဲ့ပါတယ်။ ဒီကူညီမှုနဲ့ပတ်သက်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဆောင်ရွက်ခဲ့တယ်၊ သဘောတူခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုထုတ်ဖော်ပြောကြားပြီးနောက်ပိုင်းမှာတော့ ထုံးစံအတိုင်းပါပဲ။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးကို မလိုလားတဲ့ အနောက်အုပ်စုမီဒီယာများနဲ့ အနောက်အုပ်စုအားကိုးအဖွဲ့များရဲ့ ဝေဖန်ချက်တွေ၊ အင်တာဗျူးတွေ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအဖွဲ့တွေက ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ။ သူတို့အနေနဲ့ကတော့ ဘယ်တော့မှ မြန်မာနိုင်ငံငြိမ်းချမ်းမှာကို လိုလားမှာမဟုတ်ပါဘူး။ တရုတ်-မြန်မာနယ်စပ်ဒေသငြိမ်းချမ်းမှာကိုလိုလားမှာမဟုတ်ပါဘူး။ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဘယ်တော့မှလိုလားမှာမဟုတ်ပါဘူး။ ဒါကြောင့် ဝေဖန်ချက်အမျိုးမျိုးနဲ့ ထုတ်လွှင့်နေတာမျိုးကိုတွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနိုင်ငံအပေါ်မှာကော တရုတ်နိုင်ငံအပေါ်မှာကော ဝေဖန်မှုပြင်းပြင်းထန်ထန်လုပ်နေတာကိုတွေ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ရင် မြန်မာ့ကောင်းကျိုး၊ မြန်မာ့ငြိမ်းချမ်းရေးအကျိုးကိုလိုလားတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပေါ်မှာပဲမူတည်ပြီး ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မည်သို့သောတိုက်ခိုက်မှုတွေရှိပါစေ၊ မည်သို့သောဝေဖန်မှုတွေရှိပါစေ အဓိကကတော့ ကျွန်တော်တို့ ပြည်သူပြည်သားတွေ ငြိမ်းချမ်းစွာနေထိုင်နိုင်ဖို့ပဲ အရေးကြီးပါတယ်။



ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ အေးချမ်းစွာနေထိုင်နိုင်ဖို့ပဲ အရေးကြီးပါတယ်။ တိုက်ပွဲတို့၊ စစ်ပွဲတို့ဆိုတဲ့ ပဋိပက္ခတွေကို အဲဒီဒေသမှာနေတဲ့ တိုင်းရင်းသားပြည်သူ၊ အဲဒီဒေသမှာနေတဲ့သူတွေကိုပဲ အနိဋ္ဌာရုံခံစားရတာဖြစ်ပါတယ်။ ပြည်ပကနေအေးနေတဲ့ အနောက်နိုင်ငံအားကိုးပြီး ပြည်ပမှာထွက်ပြေးနေတဲ့သူများကတော့ အရိပ်ထဲကနေ အေးနေတာပဲဖြစ်ပါတယ်။ တကယ့်လက်တွေ့ခံစားနေရတာက ကျွန်တော်တို့ပြည်သူတွေပဲဖြစ်ပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ထီးချိုင့်ဘက်မှာ သူတို့အခြေပြုပြီးတော့ ထီးချိုင့်မြို့ကို အမြဲတမ်းတိုက်ခိုက်နေတဲ့ ရန်သူ့အခြေပြုနေရာတစ်ခုကို ကျွန်တော်တို့သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် ဆက်လက်ပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးရဲ့အနှစ်သာရ၊ ငြိမ်းချမ်းရေးရဲ့အကျိုးရလဒ်၊ ငြိမ်းချမ်းရေးနဲ့အတူပါလာမယ့် ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးကို ခံစားနိုင်အောင် ဦးတည်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင် ပြည်သူဦးရေ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ဟု မဟုတ်မမှန် ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် စစ်ဘေးရှောင် ပြည်သူဦးရေ ၂၀၀ ကျော် ခိုလှုံနေသည့် ဇေယျသုခဘုန်းကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit Media က မဟုတ်မမှန်သတင်းရေးသား၍ လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နမ့်ခမ်းမြို့နယ်ရှိ အဆိုပါဇေယျသုခဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသည့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၃ ရက်တွင် တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှု မရှိပါကြောင်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ ဒေသခံပြည်သူလူထု ထိခိုက်နစ်နာစေမည့် လုပ်ရပ်များကို မည်သည့်အခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်အားပေး မီဒီယာများအနေဖြင့် ဒေသခံပြည်သူများ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။





# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ရက်ထိ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၂၉၀၊ အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၃၆၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၆၈၅ ဦး၊ အမျိုးသမီး ၁၃၆၃ ဦး စုစုပေါင်း ၁၂၀၄၈ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးသူများကို နေ့စားခပေးပြီး လုံခြုံရေးအတွက် အသုံးပြုနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တပ်မတော်အားပေးထောက်ခံသူများကို ဒီဇင်ဘာလ ပထမပတ်ကစပြီး နေ့စားခပေး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အတူ လုံခြုံရေးဆောင်ရွက်ရန်အတွက် အသုံးပြုနေကြောင်း၊ ရပ်ကွက်တစ်ခုလျှင် အနည်းဆုံး ငါးယောက်ထက်မနည်း ငှားရမ်းထားပြီး တစ်ရက်လျှင် ငွေကျပ် ၃၀၀၀၀ ပေးကာ လက်နက်နှင့် လက်ကိုင်တုတ်များလည်း ထုတ်ပေးထားရှိကြောင်း လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တပ်တွင်းသတင်းအရင်းအမြစ်များ၏ ပြောကြားချက်များအရ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။ ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက်များကို အသုံးပြု၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းတု၊ သတင်းအမှားများကို ကြိမ်ဖန်များစွာ ရေးသားဖြန့်ဝေ၍ လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Wai Phyo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရွှေပေါက်ပင်ရပ်ကွက်နေ ဝေဖြိုးအောင်အား ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "ThidarMoe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒိုးတန်းကျေးရွာနေ သီတာမိုးအား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တရုတ်နိုင်ငံတွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရေး လမ်းမကြီးတချို့ ယာယီပိတ်ထားရ



**ပေကျင်း ဒီဇင်ဘာ ၁၅**

တရုတ်နိုင်ငံအနောက်ဘက်ပိုင်းနှင့် အရှေ့မြောက်ဘက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ အနောက်ဘက်ပိုင်းနှင့်အရှေ့မြောက်ဘက်ပိုင်းတွင် အအေးဓာတ်လွှမ်းကဲကာ အပူချိန်မှာအနုတ် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာဖွယ် ရှိနေကြောင်း၊ အအေးဓာတ်လွှမ်းကဲမှုအခြေအနေမြင့်တက်လာဖွယ်ရှိနေသည့်ဒေသများမှာ တရုတ်နိုင်ငံအရှေ့မြောက်ဘက်ပိုင်းရှိ ဟီလောင်ကျန်ပြည်နယ်၊ အနောက်ဘက်ပိုင်းရှိ ရှင်ကျန်းနယ်မြေ၊ မွန်ဂိုလီးယားကုန်းတွင်းပိုင်းဒေသများဖြစ်ကြောင်း တရုတ်အမျိုးသားမိုးလေဝသညွှန်ကြားရေးစင်တာက ထုတ်ပြန်ခဲ့သည်။

အလားတူ ဂန်ဆူပြည်နယ်နှင့် ကွင်းဟိုင်ပြည်နယ်တို့တွင်လည်း ကာလရှည် အအေးဓာတ်မြင့်မားမှုဖြစ် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ အအေးလှိုင်းသည် တရုတ်နိုင်ငံမြောက်ဘက်ပိုင်းမှတောင်ဘက်ပိုင်းကို ဖြတ်သန်းတိုက်ခတ်လျက်ရှိကြောင်း သိရသည်။

ဟီနန်ပြည်နယ်တွင်လည်း ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ဒီဇင်ဘာ ၁၄ ရက်က ယာဉ်မတော်တဆမှုများစွာဖြစ်ပေါ်ခဲ့ရာ ယနေ့မှစတင်၍ ဆီးနှင်းများထူထပ်စွာကျဆင်းနေသည့် ဒေသများတွင် လမ်းမကြီးများကို ယာယီပိတ်ထားပြီး မော်တော်ယာဉ်များအသုံးပြုခြင်းကို ယာယီတားမြစ်ထားကြောင်း၊ ရှန်ဟိုင်းမြို့တွင်လည်း ဘတ်စကားများပြေးဆွဲမှုကို ယာယီဆိုင်းငံ့ထားကြောင်း တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# သန့်ရှင်းသည့်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် သဘောတူညီချက်စာချုပ် ၁၄ ခု ချုပ်ဆိုနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရထုတ်ပြန်

**ဂျကာတာ ဒီဇင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံသည် လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် သန့်ရှင်းသည့်စွမ်းအင်ကို အသုံးပြုနိုင်ရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်သွားရန်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ သန့်ရှင်းသည့်စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် သဘောတူညီချက်စာချုပ် ၁၄ ခု ချုပ်ဆိုနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားအစိုးရပိုင် လျှပ်စစ်စွမ်းအင်ကုမ္ပဏီဖြစ်သည့် Perusahaan Listrik Negara (PLN) ကုမ္ပဏီသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP 28) ကျင်းပနေစဉ်ကာလအတွင်း သန့်ရှင်းသည့်စွမ်းအင် ထုတ်လုပ်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများဖြင့် သဘောတူညီချက် စာချုပ်များကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း PLN ကုမ္ပဏီ၏ အမှုဆောင်ချုပ် ဒါမာဝန်က ပြောကြားခဲ့သည်။

"PLN ကုမ္ပဏီအနေနဲ့ အင်ဒိုနီးရှားနိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုတွေဖြစ်ပေါ်နေတာကို လျစ်လျူရှုထားလို့ မရတော့ပါဘူး။ အစိုးရရဲ့ ရာသီဥတုဖောက်ပြန်မှုလျှော့ချရေးစီမံချက်တွေကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီသွားဖို့အတွက် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍကနေ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသွားဖို့ကူညီပေးသွားမယ်။ COP 28 ညီလာခံကျင်းပနေစဉ်အတွင်းမှာ သန့်ရှင်းတဲ့စွမ်းအင်ထုတ်လုပ်ဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီတွေနဲ့ သဘောတူညီချက်စာချုပ် ၁၄ ခု ချုပ်ဆိုနိုင်ခဲ့ပါတယ်" ဟု PLN ကုမ္ပဏီ၏ အမှုဆောင်ချုပ် ဒါမာဝန်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအစိုးရက လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုအတွက် ကျောက်မီးသွေးလောင်စာသုံးစွမ်းအင်ထုတ်လုပ်မှုစက်ရုံတချို့ကို ပိတ်သိမ်းသွားမည်ဖြစ်ပြီး ဟိုက်ဒရိုဂျင်သုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအတွက် ပြင်သစ်အခြေစိုက်ကုမ္ပဏီဖြစ်သည့် Hydrogen de France ကုမ္ပဏီဖြင့် သဘောတူညီချက်ရရှိခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံနူဆန်တာရာဒေသတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအတွက် စင်ကာပူနိုင်ငံအခြေစိုက် Sembcorp Utilities ကုမ္ပဏီဖြင့် သဘောတူညီချက်စာချုပ်ချုပ်ဆိုခဲ့ပြီး နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံအခြေစိုက် Hydro & Nuclear Power ကုမ္ပဏီဖြင့် သဘောတူညီချက်စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း PLN ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကင်ညာစစ်ဘက်က ရေဘေးသင့်ဒေသများတွင် ပိတ်မိနေသောပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၅**

ကင်ညာနိုင်ငံရှိ ရေဘေးသင့်ဒေသများတွင် ပိတ်မိနေသောရာနှင့်ချီသည့်ပြည်သူများကို ကင်ညာစစ်ဘက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ကင်ညာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံတွင် ယခုနှစ်နိုဝင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူဦးရေ ၁၇၀ သေဆုံးခဲ့ကာ လူဦးရေ ၆၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပိတ်မိနေသော ပြည်သူများအနေဖြင့် သေဆုံးမှုများ ထပ်မံတိုးလာသဖြင့် ကင်ညာစစ်ဘက်က အဆိုပါဒေသရှိ ရာနှင့်ချီသောပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။



အဆိုပါရေဘေးကြောင့် ကင်ညာနိုင်ငံမြောက်ပိုင်းရှိ လူပေါင်းသောင်းနှင့်ချီ၍ ရေဘေးဒဏ်ခံစားခဲ့ရပြီး တိရစ္ဆာန်များ၊ လယ်မြေများနှင့်အိုးအိမ်အများအပြား ဆုံးရှုံးခဲ့ကာ နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးရေကြီးရေလျှံမှုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေများကြောင့် လာမည့်နှစ်ဦးပိုင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မြေနိမ့်ပိုင်းနှင့်ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသောဒေသများ၌ နေထိုင်သူများအနေဖြင့် ဘေးလွတ်ရာသို့ကြိုတင်ရွှေ့ပြောင်းနေထိုင်ကြရန် ကင်ညာမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**


## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျားမြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။


# G20 အဖွဲ့ဝင်နိုင်ငံများအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သဘာဝအရင်းအမြစ်များ မြှင့်တင်သွားရန် G20 ဥက္ကဋ္ဌ ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗား ပြောကြား

**ဘရာဇီးလီးယား ဒီဇင်ဘာ ၁၅**

G20 အုပ်စု၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် အိန္ဒိယနိုင်ငံထံမှ ဒီဇင်ဘာ ၁ ရက်က လွှဲပြောင်းလက်ခံခဲ့သည့် ဘရာဇီးသမ္မတလူလာဒါဆေးလ်ဗားက G20 အုပ်စု အဖွဲ့ဝင်နိုင်ငံများအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် သဘာဝအရင်းအမြစ်များ မြှင့်တင်သွားရန် ဦးစားပေး ဆောင်ရွက်သွားသင့်သည်ဟု တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့တွင် ဘရာဇီးဘဏ္ဍာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သဘာဝအရင်းအမြစ်များ လိုအပ်နေပြီး သဘာဝအရင်းအမြစ်များ မြှင့်တင်သွားရေးမှာ အခြေခံလိုအပ်ချက်များတွင် ပါဝင်နေကြောင်းလည်း ဘရာဇီးဘဏ္ဍာရေးဝန်ကြီးဖာနန်ဒိုဟက်ဒက်က ပြောကြားခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ဘဏ်များက လိုအပ်သောဘတ်ဂျက်တောင့်တင်း ခိုင်မာလာအောင်ဆောင်ရွက်နိုင်ရန် လိုအပ်နေပြီး လက်ရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘဏ်များမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရာ၌ ကူညီရန်အဆင်သင့်မဖြစ်သေးသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် G20 အုပ်စု၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းလက်ခံခဲ့ပြီးနောက် စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးကို အရှိန်မြှင့်တင်သွားရန်ဆောင်ရွက်နေပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်စေသော ရုပ်ကြွင်းလောင်စာနေရာတွင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်လည်း တိုက်တွန်းမှုပြုလုပ်ထားကြောင်း ဘရာဇီးဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကြီးပွားကြောင်းတရား

ထက်အောင်လူ(နှံ့သာမြေ)

ကျွန်တော်တို့လူများသည် စားဝတ်နေရေးအတွက် ရုန်းကန်ရှင်သန်မှု အသီးသီးရှိကြပါသည်။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားကြရပေသည်။ ပွဲမဝင်ခင် မြင်းကကျင်းပဆိုသကဲ့သို့ လောကဓံတရား၏ တိုက်ခိုက်မှုကို အန်တုနိုင်ရေးတွက် အခြေခံပညာမှစ၍ ပညာရပ်မျိုးစုံကို သင်ယူကြရသည်။ အသက်မွေးမှုပညာရပ်များကို သင်ယူပြီး ကြီးပွားကြောင်းတရားကို ဦးထိပ်ထားကာ စီးပွားရှာကြပေမည်။ ထိုသို့ရှာဖွေရာ၌ အောင်မြင်မှုရရှိကြသူများရှိကြသကဲ့သို့ ကျရှုံးကြသူများလည်း ဒုနဲ့ဒေးပင်။ အောင်မြင်သူ၊ ကျရှုံးသူတို့ကိုလေ့လာ၍ သင်ခန်းစာယူကြရပေလိမ့်မည်။ အောင်မြင်သူ၏ ကောင်းသောအကျင့်စရိုက်များ မှတ်သားကျင့်သုံးကြရင်း ကျရှုံးသူတို့၏ဆိုးစရိုက်များကိုရှောင်ရှား၍ လျှောက်လှမ်းကြရပေမည်။ ဥစ္စာစီးပွားရှာချိန်တွင် ရေရှည်အောင်မြင်ရန် ယေဘုယျအားဖြင့် အချက်သုံးချက်ရှိပါသည်။ ထိုသုံးချက်မှာ-

(၁) လုပ်ငန်းကို ကျွမ်းကျင်ခြင်း

(၂) အထွေထွေသုတရှိခြင်း

(၃) စိတ်ကောင်းရှိခြင်းတို့ဖြစ်သည်။

**လုပ်ငန်းကို ကျွမ်းကျင်ခြင်း**

ကျွမ်းကျင်ရာလိမ္မာရာ ဆိုသကဲ့သို့ ဆီသည်သည်လည်းအပေါက်ကျဉ်းထဲကို ဆီကိုတည့်မတ်အောင်ထည့်နိုင်သကဲ့သို့ မိမိအလုပ်ကို လိမ္မာကျွမ်းကျင်မှုထိပ်ဆုံးရှိကြရပေလိမ့်မည်။ ဥပမာ-တောင်သူဆိုလျှင်လည်း ဝါဆို၊ ဝါခေါင်လတို့၌ ခွဲရေးကြဲရေးအစ ပျိုးချပျိုးနှုတ်ရာသီအချိန်၊ ကာလဒေသတို့ကို ပိုင်းခြားနိုင်စွမ်းရှိရပေမည်။ ထို့အတူ နည်းပညာနှင့်အသက်မွေးလျှင်လည်း ပညာရပ်၏အင်္ဂါအကင်း၊ အဖျားအရင်းကို သိရှိနားလည်ကာ ဖြေရှင်းတတ်သူဖြစ်ရပေမည်။ ထက်သန်သောလုံ့လဝီရိယနှင့် ဖျင်းရိမှုမရှိ ပိုင်ပိုင်နိုင်နိုင် အသေချာလုပ်နိုင်စွမ်းရှိရပေမည်။ မိမိနှင့်ဆက်နွယ်သော လုပ်ငန်းအပေါ် ခရေစေ့တွင်းကျ ဝယနဏာသိရှိပြီး အကျိုးအမြတ်ကိုရရှိနိုင်စွမ်းအတွက် လုံလောက်သောတတ်သိဉာဏ်ပညာနှင့် တွေးခေါ်နိုင်စွမ်း လုပ်နိုင်စွမ်းရှိကြရမည်။ ထို့အတူ အားသွန်ခွန်စိုက် နှုတ်မှုလက်မှုလိမ္မာပါးနပ်သော ဖြတ်ထိုးဉာဏ်၊ ဖြေရှင်းတတ်သောတတ်သိမှုပညာ လိုပေသည်။

ကိုယ်ကိုယ်တိုင်စံပြအဖြစ်တည်ရှိပြီး အောက်လက်ငယ်သားဝန်ထမ်းများအပေါ် ကောင်းမွန်သောစီမံခန့်ခွဲမှုလိုအပ်ပေသည်။ ပညာရပ်နှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတကုံလုံကာ လေးလေးစားစားရှိကြရပေမည်။ သန့်ရှင်းရေး အသေးအမွှားလေးကအစ အလေးထားကာ အားရကျေနပ်စေသောလုပ်ငန်းမျိုးဖြစ်ရမည်။ ဝန်ဆောင်မှုပေးသောလုပ်ငန်းဆိုလျှင်လည်း ဖောက်သည်များ စိတ်ကျေနပ်စေနိုင်အောင် စွမ်းဆောင်ကြရသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု၊ ကျန်းမာမှု၊ နွေးထွေးကြင်နာမှုတို့လွှမ်းခြုံသောရပ်ဝန်း ဖန်တီးဆောက်တည်နိုင်စွမ်းရှိရမည်။

မိမိလုပ်သောလုပ်ငန်း၏ သဘောသဘာဝကို အကောင်းဆုံးပြင်ဆင်ရင်း အဆိုးဆုံးအတွက်လည်းပြင်ဆင်ထားရသည်။ မိမိအသက်မွေးသော ပညာရပ်ကို ပေါ့ပေါ့တန်တန်မတွေးဘဲ အလေးထားကာ ဖြစ်ပေါ်လာသော ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိရသည်။ ရေရှည်အောင်မြင်ပြီး ကြီးပွားကြောင်းတရား၏ ပထမဆုံးအချက်ဖြစ်သော မိမိလုပ်သည့်လုပ်ငန်းကို ကျွမ်းကျင်ကြရမည်။ သို့မှသာ ကြီးပွားပေလိမ့်မည်။

**အထွေထွေသုတရှိခြင်း**

သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားထဲမှ "တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ"ဟူသော စကားနှင့်အညီ မိမိအလုပ်နှင့်ပတ်သက်သော သဘောတရားသုတများ အထူးလိုအပ်ပါသည်။ ဥပမာ-တောင်သူဆိုလျှင် သဘာဝဘေးမိုးလေဝသအန္တရာယ်ဆောင်ရန်၊ ရှောင်ရန်များ၊ စပါးပင်တွင် ကျရောက်တတ်သော ပိုးမွှားများကိုဖြေရှင်းခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်း၊ အောင်ရေသွင်းခြင်း၊ ထုတ်ခြင်းနှင့် ရှေးလူကြီးတို့၏စကားများ ခေတ်လူတို့၏အမှားများကို အခြေခံသုတရှိရမည်။ မျိုးစေ့ဝယ်ယူမှု၊ ရောင်းချမှု၊ သွားလာရေးလမ်းကြောင်း၊ အခြေခံလုပ်အားငွေအား ကုန်ကျစရိတ်၊ အကျိုးအမြတ် ဖြစ်ထွန်းမှုတွက်ချက်နားလည်ရမည်။ ကုန်သည်ဆိုလျှင် ဖောက်သည်တို့၏ အကြိုက်များ၊ ဖြစ်လေ့ဖြစ်ထရှိသော ကမောက်ကမဆက်ဆံရေးများ၊ ဖောက်သည်နှင့် အပြန်အလှန်အကျိုးတူစီးပွားရေးများကို သိရှိရပေမည်။

❖ လူအများစုက အောင်မြင်ကြီးပွားချမ်းသာချင်ကြသော်လည်း မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကိုမသိကြပေ။ လွဲမှားသော လောဘ၊ အတ္တတို့နှင့် မလုပ်သင့်ရာမလုပ် မကြံသင့်ရာမကြံမှ လမ်းမှန်ဖြစ်ပေ၏။ မိမိဘဝကို အရိုးသားဆုံး သမ္မာအာဇီဝဖြင့် အသက်မွေးမြူမှ ဘဝလှ၍ တန်ဖိုးဂုဏ်အနဂ္ဃဖြစ်ပေမည်။ လူ့ဂုဏ်ရည်တောက်ပကာ လူထဲတွင် ရနံ့သင်းပျံ့ပေသည်။ အတ္တ၊ ပရမ္မသော၊ အဖိုးတန်သော၊ သာယာငြိမ်းချမ်းသောဘဝတစ်ခုကို တည်ထောင်နိုင်ပေမည်။ အဓိကမှာ မိမိလုပ်သည့် လုပ်ငန်းကို ကျွမ်းကျင်ခြင်း၊ အထွေထွေသုတရှိခြင်း၊ စိတ်ကောင်းရှိခြင်း ဟူ၍ ဤသုံးချက်သာလိုအပ်ပါသည်။ ❖

ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို အခြေခံသုတရှိကာ မိမိလုပ်ငန်းထိခိုက်မှုနည်းနိုင်သမျှနည်းရေး၊ ဖြေရှင်းနိုင်စွမ်းရှိရေးအတွက် သုတကုံလုံရသည်။ စီးပွားရေး ကြီးပွားရေးတို့၏အခြေခံဖြစ်သော သချာင်္ကိန်းဂဏန်းများ ပေါင်းနုတ်မြှောက်စားတို့ကို အာဂုံဆောင်ရန်လိုပေသည်။ မိမိကြီးပွားရေး၏ သော့ချက်ကိုသိကာ ပေါင်းသင်းဆက်ဆံရေးဦးစားပေးသူများ၊ အခြေခံဝန်ထမ်းများ ခွဲခြားပိုင်းခြားတတ်ရန်လိုသည်။ မူးယစ်ဆေးဝါးနှင့်အတူ ကင်းရှင်းရမည့် မကောင်းသောအကျင့်စရိုက်ဆိုးကျိုးများ သုတနှင့်ဝေဖန်သုံးသပ်၍ အကောင်းဘက်ဦးတည်ရမည်။ ဝင်ငွေနှင့်လုပ်ငန်းကောင်းတို့သည် မိမိ မိတ်ဆွေတို့ထံမှလာတတ်၍ မိတ်ဆွေများအပေါ် အပေးအယူရှိရပေသည်။ အသုံးအဖြုန်းကို သုံးသပ်လျက် အဖြုန်းမရှိအောင်၊ စည်းစနစ်ကျအောင် သုတနှင့်ဝန်းရံရမည်။ အခြေခံသုတသည်လည်း လောကဓံတရား၊ အောင်မြင်ကြောင်းတရား၊ ကြီးပွားကြောင်းတရားတို့၏ ဆရာဖြစ်ပေသည်။

**စိတ်ကောင်းရှိခြင်း**

စိတ်နှလုံးကောင်းမွန်မှုရှိကာ မိမိနှင့်ဆက်ဆံသော အသိုင်းအဝိုင်းအပေါ် စာရိတ္တမကျိုးငြိုင်ခိုင်မြဲရမည်။ စိတ်ကို ကောင်းသောဘက်ဦးတည်ကာ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ အပြန်အလှန်ထားရှိရသည်။ အရာရာကို အတ္တနှင့်မတွေးဘဲ သူသာငါဆိုလျှင်ဟူသော ကြင်နာတတ်သောနှလုံးသား၊ နားလည်မှုပေးသော နှလုံးသားဖြင့် ကိုယ်ချင်းစာတရားထားကာ လေးစားသမှုအမြဲပြုရမည်။ ကြီးပွားရေးအတွက် ကိုယ့်အကျိုးအမြတ်ရရှိရေးကို ယုတ်မာသော အတွေးအခေါ်များ မမွေးမြူဘဲ လှပသောမနောနှင့် အတ္တပရမ္မတချင့်ချိန်ပြုလုပ်ရသည်။

ကမ္ဘာမီးလောင် သားကောင်ချနင်း စိတ်ဓာတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်မျိုး ရှောင်ရှားကြရမည်။ ဗုဒ္ဓရှင်တော်ဟောကြားသော ကံကံ၏အကျိုး နားလည်သဘောပေါက်ကာ ကောင်းတာလုပ်လျှင် ကောင်းခြင်းအသီးအပွင့်တို့ကို စားသုံးရမည်မှာမုချပင်ဖြစ်သည်။ လူမှုဆက်ဆံရေးပြေပြစ်ကာ ချစ်ဖွယ်သောစကားကို အမြဲသုံးလျက် ရိုးသားကြိုးစားရမည်။ "မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"ဟူသာကဗျာလေးနှင့်အညီ စိတ်ကောင်းစေတနာကောင်းတို့ မွေးမြူရမည်။ ကိုယ်လုပ်သောအလုပ်အပေါ်၊ ဖောက်သည်များအပေါ် ကတိသစ္စာအရင်းပြု၍ လုံ့လဝီရိယလက်ကိုင်ထား စွမ်းဆောင်ရသည်။ စိတ်ထားဖြူသောလူအပေါ် အားလုံးကချစ်ခင်ကြပြီး အမြဲဆက်ဆံလိုကြသည်။

ထို့ကြောင့် မိမိစိတ်ကို အရောင်မဆိုးဘဲ ဖြူဖွေးသော၊ ရနံ့သင်းသော ဂုဏ်ရည်ကောင်းများပိုင်ဆိုင်ရသည်။ မိမိစိတ်သာအရောင်ဆိုးလျှင် မကောင်းသောအပုပ်နံ့တို့လှိုင်ကာ နာမည်သေသွား၍ ကြီးပွားကြောင်းတရားနှင့်ကင်းဝေးကာ ကိုယ့်ဒုက္ခကိုလက်ယပ်ခေါ်သည့်ပုံဖြစ်ပေသည်။ ရိုးဖြောင့်က စားမကုန် ဆိုသောစကားကဲ့သို့ ရိုးဖြောင့်မှုဦးထိပ်ပန်ဆင်ကြရမည်။ အရာရာကို အချောင်ရလိုချင်စိတ်၊ အလကားရလိုချင်စိတ် ကင်းရပေမည်။ လောကတွင် လွယ်လွယ်နှင့် ဘယ်အရာမျှရရိုးမရှိ။ ထိုက်တန်သောပေးဆပ်မှုအမြဲပြုရ၏။ ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်ဒူးကိုယ်ချွန်၍ မြင့်မြင့်ကြံ ပန်းတိုင်လျှောက်ရသည်။

သစ္စာတရား၊ ကိုယ်ကျင့်တရားကို အရင်းအနှီးအဖြစ်သုံးရမည်။ လုပ်ငန်းတိုင်းတွင် ဖောက်သည်တို့ကျေနပ်မှသာ အောင်မြင်ကြီးပွားကြောင်းတရားရှိမည်ဖြစ်၍ မိမိစိတ်ကို ကောင်းသောဘက် ထိန်းချုပ်မောင်းနှင်နိုင်စွမ်းရှိကြရသည်။ "လူကို စိတ်ကအုပ်ချုပ်တယ်၊ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်တယ်၊ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်တယ်" ထို့ကြောင့် စာအုပ်စာပေဖတ်မှတ်ရမည်ဟုဆိုသည်။ စာအုပ်စာပေ၊ စာကောင်းပေကောင်းရွေးချယ်ဖတ်ရှု၍ မိမိစိတ်ကို ပညာချွန်းနှင့်အုပ်နိုင်ရေး အရေးကြီးလှပေသည်။ ကြီးပွားမှုရလိုလျှင် စိတ်ကောင်းဖြင့် အရာရာကိုပြုမူသော အကျင့်စရိုက် အမြဲမွေးမြူရပေမည်။

**အကြောင်းသုံးချက်မညီခြင်း**

အထက်ပါအကြောင်းသုံးချက်တွင် သုံးချက်စလုံး အရေးကြီးသောအရာများဖြစ်ပေသည်။ ဥပမာ-မိမိလုပ်သည့်လုပ်ငန်းကို ကျွမ်းကျင်ခြင်းမရှိဘဲ အထွေထွေသုတနှင့် စိတ်ကောင်းရှိရုံက လုပ်ငန်းမပြီးမြောက်၍ အဆင်မပြေနိုင်သေးပေ။ စီးပွားလူမှုထွန်းပေါက်အောင်မြင်မှုဘက် ခြေဦးမလှည့်နိုင်ပါ။ ကြီးပွားကြောင်းတို့၏ အဓိကကျသော ကိုယ်လုပ်သောလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်မှုလိုအပ်ပေသည်။ လိုအပ်ချက်ဖြစ်၍ အတွေ့အကြုံတတ်သိပညာကို ဖြည့်ကိုဖြည့်ရမည်။ ထိုက်တန်သော လုံ့လ၊ ဇွဲ၊ ဝီရိယရှိသောအချိန်၊ အရင်းအနှီး၊ လောကဓံကျော်ဖြတ်နိုင်သော စိတ်ဓာတ်များ ပေးဆပ်ဖြည့်ဆည်း ဆည်းပူးရမည်။ မိမိအလုပ်အပေါ် စိတ်ရောကိုယ်ပါ ရင်းနှီးမြှုပ်နှံပြီး ကျွမ်းကျင်မှုလိုအပ်ပေသည်။ ဒုတိယတစ်ခုဖြစ်သော အထွေထွေသုတမှာလည်း ကျွမ်းကျင်မှု၊ စိတ်ကောင်းရှိရုံနှင့် မပြည့်စုံနိုင်သေးပေ။ ကာလဒေသ ကာလံဒေသံ၊ အဆက်အသွယ်၊ တိကျမှန်ကန်သော သတင်းအချက်အလက်များ၏ အရင်းအမြစ်မှာ အထွေထွေသုတဖြစ်၍ မရှိမဖြစ်လိုအပ်ပေသည်။ သုတစုံသော လူအတွက်သာ အကြောင်းအကျိုးအကောင်းအဆိုးကို ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်စွမ်းရှိ၏။ သုတကုံလုံရန်လည်း မရှိမဖြစ်အဓိကကျလှပေသည်။ လောကဓံတရားကို သုတများ၊ ဒဿနများဖြင့် ရင်ဆိုင်ဖြေရှင်းရတတ်သည်။

နောက်ဆုံးတစ်ခု စိတ်ကောင်းရှိမှုသည် ကြီးပွားဖြစ်ထွန်းကြောင်းသာမက လူ့လောကငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့၏ သော့ချက်ဖြစ်ပေသည်။ လုပ်ငန်းကျွမ်းကျင်ခြင်း၊ အခြေခံသုတရှိခြင်းကြောင့် အလုပ်လုပ်သော်လည်း စိတ်ကောင်းစေတနာကောင်းမပါခဲ့လျှင် အရာရာသည်အတ္တဖက်၍ ရေရှည်မတည်တံ့နိုင်ပေ။ ထိုစိတ်ယုတ်တို့၏လားရာမှာ ကျရှုံးမှုပင်ဖြစ်သည်။ ထို့ကြောင့် စိတ်ကောင်းမြတ်ခြင်းသည် အဓိကအကျဆုံးအပိုင်းဖြစ်ပေသည်။ ထိုအချက်သုံးချက်မှ တစ်ချက်ချက်လွတ်လျှင်ပင် ကြီးပွားကြောင်းတရားနှင့် သွေဖည်လိမ့်မည်ဖြစ်သည်။

အချုပ်ဆိုရလျှင် လူအများစုက အောင်မြင်ကြီးပွားချမ်းသာချင်ကြသော်လည်း မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို မသိကြပေ။ လွဲမှားသော လောဘ၊ အတ္တတို့နှင့်မလုပ်သင့်ရာမလုပ် မကြံသင့်ရာမကြံမှ လမ်းမှန်ဖြစ်ပေ၏။ မိမိဘဝကို အရိုးသားဆုံး သမ္မာအာဇီဝဖြင့် အသက်မွေးမြူမှ ဘဝလှ၍ တန်ဖိုးဂုဏ်အနဂ္ဃဖြစ်ပေမည်။ လူ့ဂုဏ်ရည်တောက်ပကာ လူထဲတွင် ရနံ့သင်းပျံ့ပေသည်။ အတ္တ၊ ပရမ္မသော၊ အဖိုးတန်သော၊ သာယာငြိမ်းချမ်းသောဘဝတစ်ခုကို တည်ထောင်နိုင်ပေမည်။ အဓိကမှာ မိမိလုပ်သည့် လုပ်ငန်းကို ကျွမ်းကျင်ခြင်း၊ အထွေထွေသုတရှိခြင်း၊ စိတ်ကောင်းရှိခြင်းဟူ၍ ဤသုံးချက်သာ လိုအပ်ပါသည်။ ထိုအချက်သုံးချက်တွင် တစ်ချက်ပျက်၍ပင်မရနိုင် မကြီးပွားနိုင်သည်မို့ သေချာလိုက်နာကျင့်သုံးရပါမည်။ ထိုသုံးချက်နှင့် လုပ်ငန်းလုပ်ပါလျှင် "အောင်မြင်ခြင်းသည် သင့်လက်တစ်ကမ်းတွင်"ရှိပါသည်။

အထက်ပါ ကြီးပွားကြောင်းအချက်သုံးချက်ကို ကျင့်သုံး၍ ဘဝကိုတင့်တယ်၊ မြင့်ကြွယ်နေကြသူများ ဒုနဲ့ဒေးရှိပေသည်။ ဤသုံးချက်သည် ဗုဒ္ဓရှင်တော်ဗုဒ္ဓ၏ နှုတ်မြွက်တော်မူသော ဓမ္မနှင့်အညီ စိတ်ကောင်းစေတနာကောင်းဖြင့် ဘဝကိုအဓိပ္ပာယ်ရှိရှိ ဖြတ်သန်းရာ၌ ကြီးပွားရေးတရားလမ်းစ လမ်းကြောင်းဖြစ်ပေသည်။ ကြီးပွားကြောင်းတရားများစွာရှိသည့်ထဲတွင် ဤသုံးချက်ကို အနှစ်ချုပ်တင်ပြရင်း အောင်မြင်သောလူမျိုး အောင်မြင်သောလူများဖြစ်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

**ကိုးကား**

- **မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု"စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ပါ အချက်များ**
- **လိုတရ(ဝီမိုးနင်း)**

# မြိတ်ခရိုင်တွင် ရေငန်ပုစွန်မွေးမြူရေးဧက ၁၅၀၀ ကျော်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့သွားမည်



**မြိတ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် အဓိက ပြည်ပပို့ကုန်ဖြစ်သည့် ရေငန်ပုစွန်မွေးမြူရေးဧက ၁၅၀၀ ကျော်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့သွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

အဓိကပြည်ပပို့ကုန်ဖြစ်သည့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို ဧက ၁၅၀၀ ကျော်ဖြင့် မွေးမြူလုပ်ကိုင်လျက်ရှိကြောင်း၊ လက်ရှိတွင် မြိတ်ခရိုင်အတွင်းရှိ ပုလောမြို့နယ်နှင့် ကျွန်းစုမြို့နယ်တွင် မွေးမြူရေးလုပ်ငန်း လေးခုရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း မွေးမြူရေးလုပ်ငန်း ခုနစ်ခုထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပပို့ ရေထွက်ကုန်လုပ်ငန်းများအနေဖြင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနှင့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း၊ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ရာတွင် မြိတ်ခရိုင်အခြေစိုက် ကမ်းဝေးငါးဖမ်းစက်လှေ အစီးရေ ၁၂၀၀ ကျော်ရှိပြီး ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသည့် ကမ်းဝေးငါးဖမ်းစက်လှေ အစီးရေ ၉၀၀ ခန့်ရှိကြောင်း သိရသည်။

"မြိတ်ခရိုင်မှာ ပြည်ပပို့ ရေထွက်ကုန်လုပ်ငန်းအနေနဲ့ ကမ်းဝေးငါးဖမ်းလုပ်ငန်းရှိပါတယ်။ မြိတ်ခရိုင်အခြေစိုက် ကမ်းဝေးငါးဖမ်းစက်လှေအစီးရေ ၁၂၀၀ ကျော်ရှိပြီး ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို ကမ်းဝေးငါးဖမ်းစက်လှေ အစီးရေ ၉၀၀ လောက်က ပုံမှန်လုပ်ကိုင်နေပါတယ်။ ငါးဖမ်းလုပ်ငန်းကတော့ ရေသယံဇာတကို ထုတ်ယူသုံးစွဲရတာဖြစ်တဲ့အတွက် အကန့်အသတ်ရှိပါတယ်။ ရေထွက်ကုန် မွေးမြူရေးလုပ်ငန်းကိုတော့ တိုးချဲ့သွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပုလောနဲ့ကျွန်းစုမြို့နယ်မှာ မွေးမြူရေးလုပ်ငန်း လေးခုရှိပါတယ်။ အခုဘဏ္ဍာနှစ်ထဲမှာ မွေးမြူရေးလုပ်ငန်း ခုနစ်ခုထိ တိုးချဲ့ဆောင်ရွက်သွားမှာပါ။ အခု ကျွန်းစုမြို့နယ်မှာ မွေးမြူရေးလုပ်ငန်း သုံးခုတိုးချဲ့လုပ်ကိုင်နေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ကော့သောင်းခရိုင်၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့မှ ရေထွက်ကုန်များဖြစ်သည့် ငါး၊ ပုစွန်များနှင့် အခြားရေထွက်ကုန်များကို လမ်းကြောင်း ငါးခုဖြင့် ပြည်ပသို့တင်ပို့ပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ကုန်းလမ်းနှင့် ရေလမ်းတို့မှတင်ပို့ကာ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ASH

# ရေကြည်မြို့နယ် ရွာသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ရွာသစ်ကြီးကျေးရွာနှင့် ရှမ်းစုကျေးရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရွာသစ်ကြီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကြီးကျေးရွာနှင့် ရှမ်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၈ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၆ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၀၂၂ ဧကစိုက်ပျိုးပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၀၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၁၃၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၀၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ၃၄၁၃၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၄၀၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားချက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပြီး သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့ ဆွေးနွေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် မြေပဲ ၃၄၁၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၃၇၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းမြေပဲစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး စသည့်စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကနိုင်းဒါကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ယဉ်ပြုံးပြုံးအောင်က သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချပေးသော အခြေခံစက်ချုပ်သင်တန်းနှင့်ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ အလယ်ကုန်းကျေးရွာရှိ သင်တန်းသူ ၁၃ ဦးတက်ရောက်ပြီး သင်တန်းတွင် အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအကျႌ၊ အမျိုးသမီးရင်ဖုံးအကျႌ စသည့်အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် အောက်တိုဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ နှစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုဖြိုး**

# မောက်မယ်မြို့နယ် နောင်ဘိုကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**မောက်မယ် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဘိုကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ဆိုလာစနစ်ဖြင့် အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဘိုကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၀၀၅၈ သန်း အသုံးပြု၍ Treasure Spectrum ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တနင်္ဂနွေနေ့ည ဥရောပအမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူးအသင်း၊ အင်တာမီလန်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ည အမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းကြီးတွေ့ဆုံမှုတွေရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးတွေဖြစ်တဲ့ အာဆင်နယ်၊ ချဲလ်ဆီး၊ ဒေါ့မွန်၊ ဘာစီလိုနာ၊ ရီးမားတို့ဟာ ပွဲကျပ်ကစားရခဲ့ပြီး ရလဒ်မကောင်းခဲ့ပါဘူး။ ဒါကြောင့် အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေမှာ ခြေစွမ်းပိုင်းအပြင် အကျောပေးမှုကိုလဲကြည့်ပြီး ချဉ်းကပ်ရမှာဖြစ်ပါတယ်။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုပဲ အားပေးသွားရမှာဖြစ်ပါတယ်။

### လီဗာပူးအသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံမှာပုံစံကောင်းပြသနိုင်ခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့်(၁)မှာရောက်ရှိနေသလို ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ အမှတ်ပေးဇယားထိပ်ဆုံးနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ လက်ရှိမှာလဲ အခုရာသီကစားခဲ့တဲ့ အိမ်ကွင်း ၁၁ ပွဲဆက်မှာလဲ ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက တစ်ပွဲ ပျမ်းမျှနှစ်ဂိုးနှုန်း အနည်းဆုံးသွင်းယူခဲ့တာကိုတွေ့ရမှာပါ။ နည်းပြကလော့ကတော့ ၄-၃-၃ ကစားကွက်နဲ့ အထိုင်ချကစားနေသလို ကြားရက်က ယူရိုပါလိဂ်ပွဲစဉ်မှာလဲ အဓိက ကစားသမားတွေကို အနားပေးပြီး မန်ယူနဲ့ပွဲစဉ်အတွက် ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပရီးမီးယားလိဂ်သမိုင်းမှာ အစဉ်အလာရ ပြိုင်ဘက်ကောင်းတွေဖြစ်တာကြောင့် အခုပွဲစဉ်ဟာ ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာပေမဲ့ လက်ရှိ ခြေစွမ်းပိုင်း၊ ကစားသမားစုဖွဲ့မှုနဲ့ နည်းပြတွေရဲ့ နည်းစနစ်ပိုင်းမှာတော့ လီဗာပူးအသင်းက အသာရနေတာကို တွေ့ရမှာပါ။

မန်ယူအသင်းဟာ အခုရာသီ အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲမှာ ကိုးပွဲနိုင်၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၇ မှတ်သာရခဲ့တာကြောင့် အဆင့်(၆)မှာရောက်ရှိနေပြီး ဥရောပဝင်ခွင့်အတွက် အဆင့်(၄)က မန်စီးတီးနဲ့ ရမှတ်ခြောက်မှတ်ကွာဟနေသလို အဆင့်(၁)က လီဗာပူးနဲ့ ရမှတ် ၁၀ ထိ ပြတ်တောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် နောက်ဆုံးငါးပွဲမှာ ချဲလ်ဆီးအသင်းကိုသာ အနိုင်ရခဲ့ပြီး အဲဒီပွဲစဉ်တွေထဲက ဘုန်းမောက်ကို ဂိုးပြတ်ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ လိုအပ်ချက်တွေရှိနေခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ကွင်းလယ်တိုက်စစ်က ဘရူနိုဖာနန်ဒက်စ် ပွဲပယ်ခံရတာကြောင့် မန်ယူအသင်းတိုက်စစ်ပိုင်း ကျဆင်းဖို့သေချာသလောက်ရှိပြီး ဟိုက်လန်း၊ အန်တိုနီ၊ ဆန်ချိုတို့ တိုက်စစ်အတွဲ လီဗာပူးခံစစ်ကိုကျော်ဖြတ်ဖို့ မလွယ်လောက်ပါဘူး။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအရေးကြီးနေပေမဲ့ လတ်တလောခြေစွမ်းပိုင်းမှာတော့ မန်ယူအသင်းလီဗာပူးကိုယှဉ်နိုင်ဖို့ အဆင့်တစ်ခုလောက်ထိ လိုအပ်နေတာဖြစ်ပြီး အကျောပေးမှုကလဲ လီဗာပူးကတစ်လုံးနဲ့နိုင်ရင် ဘာမှမဖြစ်နိုင်သေးတာကြောင့် အနည်းဆုံးနှစ်ဂိုးပြတ် အနိုင်ရသွားနိုင်တဲ့ အိမ်ရှင်လီဗာပူးအသင်းပဲ အနိုင်ရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၀ | လက်လင့် |
| လီဗာပူး | ၄ | - | ၃ | ဖူလ်ဟမ် |
| ရှက်ဖီး(ယူ) | ၀ | - | ၂ | လီဗာပူး |
| ပဲလေ့စ် | ၁ | - | ၂ | လီဗာပူး |
| စိန့်ဂျီလိုစီ | ၂ | - | ၁ | လီဗာပူး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂါလာတာစာရေး | ၃ | - | ၃ | မန်ယူ |
| နယူးကာဆယ် | ၁ | - | ၀ | မန်ယူ |
| မန်ယူ | ၂ | - | ၁ | ချဲလ်ဆီး |
| မန်ယူ | ၀ | - | ၃ | ဘုန်းမောက် |
| မန်ယူ | ၀ | - | ၁ | ဘိုင်ယန်မြူးနစ် |

### အင်တာမီလန်အသင်း ရလဒ်ကောင်းမှာပါ

စီးရီးအေပွဲစဉ်(၁၆)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လာဇီယိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ ကြားရက်က ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ အေတီကိုအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့ပေမဲ့ အသင်းလိုက်ကစားပုံကောင်းခဲ့ပြီး ထိရောက်တဲ့ ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာအေတီကိုဂိုးသမား အိုဘလက်ရဲ့ လက်စွမ်းပြမှုကြောင့်သာ ချေပဂိုးမရခဲ့သလို တိုက်စစ်မှူးတွေဖြစ်တဲ့ အင်မိုဘိုင်းနဲ့ ပက်ထရီတို့ အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကြောင့်လဲ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ၁၅ ပွဲအပြီးမှာတော့ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၁ မှတ်ရခဲ့ပြီး အဆင့်(၁၀)မှာရပ်တည်နေပြီး အိမ်ကွင်း ခုနစ်ပွဲမှာတော့ တစ်ပွဲသာရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အသင်းကြီးတွေနဲ့ ပွဲစဉ်မှာလဲ ရီးမား၊ အတ္တလန်တာ၊ နာပိုလီ၊ ဖီအိုရင်တီးနားတို့ကို မရှုံးခဲ့ပေမဲ့ အေစီမီလန်၊ ဂျူဗင်တပ်တို့လို တိုက်စစ်ကောင်းတဲ့ အသင်းတွေကိုတော့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အိမ်ကွင်းပွဲစဉ်မှာ ဂျီနိုအာနဲ့ မွန်ဇာတို့လို အသင်းတွေကို နိုင်ပွဲမရခဲ့တဲ့အခြေအနေက အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို သတိပြုရမှာပါ။ သူတို့အသင်းရဲ့ အဓိကအင်မိုဘိုင်းကလဲ အသက်အရွယ်ရလာသလို အခုပြိုင်ပွဲမှာလဲ သွင်းဂိုးလေးဂိုးသာ သွင်းယူထားနိုင်တာကြောင့် အင်တာမီလန်ခံစစ်ကို ဖြတ်ကျော်ဖို့ ခက်ခဲမှာသေချာပါတယ်။

အင်တာမီလန်အသင်းဟာ အခုရာသီ ပြိုင်ပွဲစုံမှာရလဒ်ပိုင်းကောင်းမွန်နေတဲ့ အသင်းဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲမှာလဲ ရမှတ် ၃၈ မှတ်နဲ့ အဆင့်(၁)မှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကြားရက်က ဆိုစီဒက်အသင်းနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရပေမဲ့ အုပ်စုအဆင့်က တက်ရောက်သွားခဲ့တာကြောင့် အဓိက ကစားသမားတွေအနားပေးခဲ့သလို အရန်ကစားသမားအများစုကို အသုံးပြုခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အိမ်ကွင်းမှာ ဂိုးမရခဲ့ဘဲ သရေတစ်မှတ်သာရယူခဲ့ပေမဲ့ ကစားအားကတော့ ပွဲချိန်ပြည့်ကျဆင်းသွားခဲ့ခြင်းမရှိပါဘူး။ အင်တာမီလန်အသင်းဟာ အမှတ်ပေးပွဲမှာရှုံးပွဲတစ်ပွဲသာရှိခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ အိမ်ကွင်းဖြစ်နေသလို အဝေးကွင်းပွဲစဉ်တွေမှာတော့ ရှုံးနိမ့်ခဲ့ခြင်းမရှိပါဘူး။ လက်ရှိမှာလဲ နည်းပြအင်ဇာဂီရဲ့ ၃-၅-၂ ကစားကွက်မှာတိုက်စစ်မှူး မာတီနက်ဇ်၊ မားကပ်သူရမ်တို့ ခြေစွမ်းပြနေသလို ကွင်းလယ်နဲ့ ခံစစ်ကစားသမားတွေကလဲ ပြိုင်ဘက်ရဲ့ ခံစစ်ကို အကောင်းဆုံးတားဆီးနိုင်ခဲ့တာကြောင့် တိုက်စစ်ကသွင်းဂိုး ၃၇ ဂိုးရခဲ့ပြီး ခံစစ်ပိုင်းကတော့ ပေးဂိုး ခုနစ်ဂိုးနဲ့ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၂၈ ကြိမ်မှာ ၁၂ ပွဲစီနိုင်၊ လေးပွဲသရေထွက်ပေါ်ထားပေမဲ့ လတ်တလောခြေစွမ်းပိုင်းအရ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | - | ၀ | ဆဲလ်တစ် |
| လာဇီယို | ၁ | - | ၀ | ကက်ဂလီယာရီ |
| လာဇီယို | ၁ | - | ၀ | ဂျီနိုအာ |
| ဗီရိုနာ | ၁ | - | ၁ | လာဇီယို |
| အေတီကို | ၂ | - | ၀ | လာဇီယို |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၁ | အင်တာမီလန် |
| ဘင်ဖီကာ | ၃ | - | ၃ | အင်တာမီလန် |
| နာပိုလီ | ၀ | - | ၃ | အင်တာမီလန် |
| အင်တာမီလန် | ၄ | - | ၀ | အူဒီးနီးစ် |
| အင်တာမီလန် | ၀ | - | ၀ | ဆိုစီဒက် |

### ဆိုစီဒက်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ စပိန်လာလီဂါ ပွဲစဉ်(၁၇)မှာ အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်နဲ့ဘက်တစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ အခုရာသီမှာ ထိပ်တန်းအဆင့် ကစားသမားသစ်မခေါ်နိုင်ခဲ့ပေမဲ့ အဓိက ကစားသမားတွေကို ထိန်းသိမ်းနိုင်ခဲ့တာဖြစ်လို့ ရလဒ်ကောင်းနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အင်တာမီလန်ကို ခြေစွမ်းကောင်းတဲ့အသင်းကို အဝေးကွင်းကနေ ရမှတ်တစ်မှတ်ရယူခဲ့ပြီး အုပ်စုပထမနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဆိုစီဒက်ရဲ့ အခုရာသီ အိမ်ကွင်းကစားပုံဟာ တည်ငြိမ်မှုရှိနေသလို ရှစ်ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ ဘာစီလိုနာအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ကစားသမားသုံးဦးဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားတွေအားလုံး ပါဝင်နိုင်မှာဖြစ်တာကြောင့် ဆိုစီဒက်တိုက်စစ်ပိုင်းကျဆင်းသွားမှာမဟုတ်ဘဲ အိမ်ကွင်းမှာ ရမှတ်ရှာဖွေနိုင်မှာသေချာပါတယ်။

ဘက်တစ်အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်အသင်းကို တစ်ဂိုးစီသရေရလဒ်ရရှိအောင် ကစားခဲ့တဲ့ ခြေစွမ်းပိုင်းက လျှော့တွက်လို့မရပါဘူး။ လက်ရှိအကျောပေးမှုကလဲ ဆိုစီဒက်က တစ်ဂိုးနဲ့နိုင်ရင် ခပ်ပါးပါးမဲ့ ပျော်ခွင့်ရမဲ့ အကျောပေးမှုက ဘက်တစ်အသင်းရှုံးမဲ့အခြေအနေဖြစ်နေတာကြောင့် ခံစစ်ပိုင်းအားပြုကစားမှသာ ဂိုးပြတ်မရှုံးမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီ ထိပ်တိုက်တွေ့ဆုံမှုနှစ်ကျော့စလုံးမှာလဲ ဆိုစီဒက်အသင်းရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဆိုစီဒက်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၀ | - | ၀ | ဆဲလ်ဘတ် |
| အိုဆာဆူနာ | ၁ | - | ၁ | ဆိုစီဒက် |
| အန်ဒရက် | ၀ | - | ၁ | ဆိုစီဒက် |
| ဗီလာရီးရဲလ် | ၀ | - | ၃ | ဆိုစီဒက် |
| အင်တာမီလန် | ၀ | - | ၀ | ဆိုစီဒက် |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | လက်ပါးမက် |
| စပါတာပရက် | ၁ | - | ၀ | ဘက်တစ် |
| အယ်မာရီယာ | ၀ | - | ၀ | ဘက်တစ် |
| ဗီလာနီဗန်စီ | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |

# မဟာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ. ထ. က(၁၄)တွင် အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်ခွန်ဆန်း(၁/ရကန(နိုင်)၀၂၄၃၇၆)၏ဖခင်သည် အမှုထမ်းစာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးလဗျဂမ် နှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)တွင်ပါရှိသော ဦးလဗျာကန် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးလဗျဂမ်(ခ)ဦးလဗျာကန်(၁/ဓတန(နိုင်)၀၀၅၂၉၄)**

## "ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက် (၆၀၄)နေ **ဦးဟန်ငြိမ်း (ဘ) ဦးအောင်ငြိမ်း** (၉/မမန(နိုင်)၀၇၀၇၃၄) ၏ လွှဲအပ်မှုအရ အများသိစေရန် ကြေညာအပ်ပါသည်။



နမူနာစွဲကပ်ပါရှိသော ကုန်အမှတ်တံဆိပ်၏ ပုံသဏ္ဍာန်မှာ အဖြူရောင် အောက်ခံ၍ အစိမ်းရင့်ရောင် စက်ဝိုင်း၏ အပြင်နှုတ်ခမ်းတစ်လျှောက်၌ **"MTTA SHWE NAT THAR Purified Drinking Water"** ဟူသောစာသားကို အစိမ်းရင့်ရောင်ဖြင့် စက်ဝိုင်းပတ်အတိုင်းဖော်ပြထားပြီး စက်ဝိုင်းအတွင်း၏ထိပ်ပိုင်း၌ **"MTTA"** ဆိုသော စာသားကို အစိမ်းရင့်ရောင်ဖြင့်ပင် အတန်းလိုက်ဖော်ပြ၍ **" S N T "** ဆိုသော အင်္ဂလိပ်စာ(၃)လုံးကို အစိမ်းရင့်ရောင်ဖြင့်ပင် နဂါးမှအမောက်ထောင်နေသည့်သဏ္ဍာန်ဖြင့် ဖော်ပြထားပါသည်။

ကြေညာသူသည် **" MTTA SHWE NAT THAR " သောက်ရေသန့်** ကုန်အမှတ်တံဆိပ်အား မန္တလေးမြို့တော်စာချုပ်စာတမ်းရုံး၌ တရားဝင်မှတ်ပုံတင် တင်သွင်းထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသဖြင့် **ကန့်ကွက်လိုပါက** ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်မှုအရ-

ဒေါ်မျိုးသန္တာ (စဉ်-၅၁၉၉၇)

ဒေါ်ခိုင်ရွှေဇင်ဝင်း (စဉ်-၅၃၉၀၄)

<u>အထက်တန်းရှေ့နေများ</u>

ရန်ကင်း(၅၉-A)လမ်း၊ အကွက် (၄၆)၊ အနိုပ်တော်ရပ်ကွက်၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၇၈၁၆၂၁၁၉၅ ၊ ၀၉-၂၀၅၁၉၅၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အ. မ. က(၃၁)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ရှို့စ်မေရီမင်း (မူလတန်းကျောင်းအုပ်)သည် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်တွင် နော်ရှိုစ်မေရီမင်း (ဘ)ဦးစောမြတ်မင်း၊ အမှုထမ်းစာအုပ်တွင် ဒေါ်ရှို့စ်မေရီမင်း(ဘ)ဦးမြမင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် နော်ရှို့မေရီမင်း(ဘ)ဦးမြမင်း တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရှို့စ်မေရီမင်း(ခ)နော်ရှို့စ်မေရီမင်း (၉/ကပတ(နိုင်)၁၁၀၉၅၇)** **ဦးမြမင်း(ခ)ဦးစောမြတ်မင်း**

## စာအုပ်စာပေ လှူမိတ်ဆွေ

## မန္တလေးမြို့ စားသောက်ဆိုင်မှ

- အထွေထွေ အမျိုးသမီး (၄)ဦး
- အသက် (၂၀) နှစ်မှ (၂၅) နှစ်အတွင်း
- အခြေခံလစာ ၁၄၀၀၀၀ိ/-
- ဆိုင်နေ/ဆိုင်စား

မှတ်ချက်။ ။ အနည်းဆုံး (၆)လ လုပ်နိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပါရမည်။

ဆက်သွယ်ရန်။ ။ ၀၉-၉၆၉၂၅၂၄၁၄

## ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား (၂၀၂၄)ခုနှစ် မော်တော်ဆိုင်ကယ်ရပ်နားခွန် လေလံခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့မှ မော်တော်ဆိုင်ကယ်ရပ်နားခွန်ကောက်ခံခြင်းလုပ်ငန်းကို လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါ၍ လေလံဆွဲဝယ်လိုသူများသည် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားဂေါပကရုံး၌ လေလံလျှောက်လွှာများကို တစ်စောင်လျှင် ကျပ် (၁၀၀၀၀ိ/-) နှုန်းဖြင့် ရုံးအဖွဲ့မှူးထံတွင် လာရောက်ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာများကို (၂၅-၁၂-၂၀၂၃)ရက်နေ့ ရုံးချိန် (၁၆၀၀)နာရီ နောက်ဆုံးထား၍ ဂေါပကရုံးသို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ရက်ထက်နောက်ကျလာသော လေလံများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာများကို (၂၆-၁၂-၂၀၂၃) (အင်္ဂါနေ့) နံနက် (၀၉၃၀)နာရီအချိန်တွင် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ လေလံလုပ်ငန်းလုပ်ပိုင်ခွင့်ရရှိသူများသည် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့၏အုပ်ချုပ်ကွပ်ကဲမှုကို ခံယူနိုင်ရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်လေလံချပေးခြင်းနှင့်ပတ်သက်၍ ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံကော်မတီ**
**၀၉-၄၂၉၆၈၂၆၂၉**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ တံတားဦးမြို့နယ်၊ မူလွန်(ငါးဇင်ရိုင်း)တွင် ဒုတိယအလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်သွယ်သွယ်ဝင်း (ဘ) ဦးခင်မောင် (၉/တတဥ(နိုင်)၁၁၅၈၃၂)၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၃-၄-၁၉၈၇ ဖြစ်ပါကြောင်း။

၂၃-၄-၁၉၈၇

## သင့်သွေးဖြင့် အသက် ကယ်ပါ

- စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း...
- မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်သည့်အဝတ်အထည်များ၊ ဆန်၊ဆီနှင့်စား၊သောက်ဖွယ်ရာပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများကိုယ်စား၊ တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိကြပြီး မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က မင်္ဂလာလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့တွင် ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် **စာမျက်နှာ ၂၁ ကော်လံ ၁**☆

ဖြတ်ကျော်နှင့် အသစ်လမ်းမို့ တပ်တော်ဝင် တစ်ခေတ်ဆန်းပြီ

ဆောင်းပါး စာမျက်နှာ - ၄

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိ စာမျက်နှာ - ၂၀